# Ministry Of Sports And Youth Affairs
# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
# သတင်းလွှာ

Monthly Newsletter Volume 3, No.4 November 2025


## (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား





နေပြည်တော် နိုဝင်ဘာ ၁၉

ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ကျင်းပရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး အောင်နိုင်ရေးအလံကို အပ်နှင်းသည်။

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစား အဖွဲ့ဝင်များက အသင်းအလိုက် ဂါရဝပြုမိတ်ဆက်ကြပြီးနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ထိုင်းနိုင်ငံတွင်ကျင်းပပြုလုပ်မည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး စတင်ကျင်းပရန် ရက်ပိုင်းခန့်သာ လိုတော့ကြောင်း၊ သွားရောက်ပြိုင်ပွဲ ဝင်ကြမည့် အားကစားမောင်မယ်များအားလုံး ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ၊ အားကစားပညာရပ်ပိုင်းဆိုင်ရာ အပါအဝင်အစစအရာရာ အသင့်ဖြစ်နေကြပြီဟု ယုံကြည်ကြောင်း၊ နိုင်ငံတစ်ဝန်းရှိ မိဘပြည်သူများအားလုံးကလည်း အားကစားမောင်မယ်များ၏ ခွဲ၊ လုံ့လ၊ ဝီရိယ အပြည့်အဝဖြင့် “ပွဲမဝင်ခင် အပြင်က ကျင်းပ” ဆိုသည့်အတိုင်း အားကြိုးမာန်တက် ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်နေကြသည်များကို တွေ့မြင်သိရှိကြပြီး အောင်မြင်မှုရရှိရေး အားပေးကြရန် စိတ်အားထက်သန်လျက်ရှိကြကြောင်း၊ “လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်၊ ယုံကြည်မှ ရဲရင့်၊ ရဲရင့်မှ အောင်ပွဲခံ” ဆိုသည့်အတိုင်း လေ့ကျင့်သား ပြည့်ဝပြီး ယုံကြည်မှုခိုင်မာစွာဖြင့် အောင်နိုင်လိုစိတ်များအပြည့်နှင့် ယှဉ်ပြိုင်ကြရန် အသင့်ဖြစ်နေကြပြီဟုလည်း မျှော်လင့်ကြောင်း၊ အားကစားမောင်မယ်တို့အတွက် ယခုပြိုင်ပွဲကြီးသည် နိုင်ငံတော်အတွက်ဆု တံဆိပ်များဆွတ်ခူးပြီး အားကစားလူချွန် လူကောင်းများဖြစ်သည်ကို လက်တွေ့ပြသနိုင်မည့် အခွင့်အလမ်းကောင်း တစ်ရပ်လည်းဖြစ်ကြောင်း၊ အဆိုပါအခွင့်အလမ်းကြီးကို အမိအရဆုပ်ကိုင်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်သွားနိုင်ကြမည်ဟုလည်း နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက ယုံကြည်မျှော်လင့်လျက်ရှိကြောင်း၊ နိုင်ငံတော်နှင့် မိဘပြည်သူများ၏ ယုံကြည်မျှော်လင့်ချက်များကို အကောင်အထည်ဖော်ရန် မောင်တို့ မယ်တို့အနေဖြင့် ရေကုန်ရေခမ်း အားထုတ်ကြိုးပမ်းသွားကြမည်ဟုလည်း အလေးအနက်ယုံကြည်ကြောင်း၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်း (၅၄)မျိုး ထည့်သွင်းကျင်းပမည်ဟုသိရှိရပြီး မိမိတို့နိုင်ငံအနေဖြင့် အချိန်ယူစခန်းသွင်းလေ့ကျင့်ခဲ့ပြီး အဆင့်မီမီ ပါဝင်ယှဉ်ပြိုင်နိုင်မည့် အားကစားနည်း (၃၈) မျိုးတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ လက်ရွေးစင်အားကစားသမားများကို လေ့ကျင့်ရာတွင် အထောက်အကူပြုရေးအတွက် အားကစားဆေးဘက်ဆိုင်ရာ၊ စိတ်ပညာဆိုင်ရာနှင့်တားမြစ်ဆေးဝါးအကြောင်း အသိပညာဆွေးနွေးပွဲပေါင်း (၁၄) ကြိမ် ကျင်းပပေးခဲ့ခြင်းအပြင် လက်ရွေးစင် အားကစားသမားများအတွက် ဆေးပစ္စည်းများ ဖြည့်တင်းပေးခဲ့ပြီး စခန်းသွင်း လေ့ကျင့်ရေးအတွက် စားစရိတ်၊ ထောက်ပံ့ကြေး၊ လေ့ကျင့်ရေးသုံးပစ္စည်း၊ ပြိုင်ပွဲသုံးပစ္စည်း ကုန်ကျစရိတ်များကိုလည်း နိုင်ငံတော်ဘဏ္ဍာမှ ကျခံသုံးစွဲ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် အဆင့်မီမီ ယှဉ်ပြိုင်ရန်နှင့် ပြည်ပအတွေ့အကြုံ ရရှိစေရေး ပြည်ပနိုင်ငံများသို့

စာမျက်နှာ ၂ သို့ ►

မျက်နှာဖုံးမှ အဆက် ►





အားကစားနည်း (၂၉)မျိုးကို (၁၁၉)ကြိမ် သွားရောက် ယှဉ်ပြိုင်စေခဲ့ပြီးဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများတွင် ပူးတွဲလေ့ကျင့်မှုအဖြစ် အားကစားနည်း (၁၆) မျိုးကို အကြိမ် (၃၀) စေလွှတ်လေ့ကျင့်စေခဲ့ကြောင်း၊ နိုင်ငံခြားသား နည်းပြ(၅)ဦးကိုလည်း နိုင်ငံတော်စရိတ်ဖြင့် ငှားရမ်းလေ့ကျင့်စေရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပြီးခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအသင်းသည် အားကစားနည်း(၁၉)နည်း ဝင်ရောက်ယှဉ်ပြိုင်ရာမှ ရွှေတံဆိပ် ၂၁ ဆု၊ ငွေတံဆိပ် ၂၅ ဆု၊ ကြေးတံဆိပ် ၆၈ ဆု စုစုပေါင်း (၁၁၄)ဆု ရရှိခဲ့သည်ကို နိုင်ငံတော်က ဆုကြေးငွေ စုစုပေါင်းငွေကျပ် ၃၃၃,၃၀၀,၀၀၀ (ကျပ်သုံးထောင်သုံးရာသုံးဆယ့်သုံးသိန်းတိတိ) ချီးမြှင့်ခဲ့ကြောင်း၊ ယခု (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ အနေဖြင့် ယခင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အကြိမ်များထက် ဆုတံဆိပ်ပိုမိုရရှိအောင် စွမ်းဆောင်ပေးကြရန် မှာကြားလိုကြောင်း၊ သို့မှသာ မြန်မာအားကစားအဖွဲ့၏ အောင်မြင်မှုသမိုင်းကို တိုးတက်မှုနှင့် မှတ်တမ်းတင်သွားနိုင်ကြမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဂုဏ်ကိုလည်း မြှင့်တင်ပေးရာရောက်မည်ဖြစ်ကြောင်း၊ အရှေ့တောင်အာရှအားကစား ပြိုင်ပွဲသည် အာဆီယံဒေသတွင်း၌ အမြင့်မားဆုံးအားကစားပြိုင်ပွဲ တစ်ခုဖြစ်သည့်အတွက် ယခုပြိုင်ပွဲမှ တစ်ဆင့် အာရှနှင့်ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများအထိ ဆက်လက်ပြီး ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မျှော်မှန်းကြိုးပမ်း သွားကြစေလိုကြောင်း၊ အားကစားပြိုင်ပွဲဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ခွဲ၊ လုံ့လ၊ ဝီရိယ ကြိုးပမ်းအားထုတ်မှုများနှင့် စည်းလုံးညီညွတ်မှုများကို တရားမျှတစွာ ဖော်ထုတ်ပြသနိုင်သည့် စွမ်းရည်ယှဉ်ပြိုင်မှုလည်းဖြစ်ကြောင်း၊ အမိမြန်မာနိုင်ငံတော်နှင့် မြန်မာနိုင်ငံသားအားလုံး၏ ဂုဏ်သိက္ခာနှင့် သက်ဆိုင်၍လည်း ပြိုင်ပွဲတိုင်း အနိုင်ရရှိရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မြန်မာအားကစားအဖွဲ့ဝင်အားလုံး၏ ပခုံးထက်တွင် ရှိနေသည်ကိုလည်း သတိပြုနှလုံးသွင်း ထားကြရမည်ဖြစ်ကြောင်း၊ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာစေရေးအတွက် အားကစားကဏ္ဍသည် အရေးကြီးကြောင်း၊ "အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်" ဆိုသည့် ဆောင်ပုဒ်အတိုင်း အားကစားစိတ်ဓာတ်သည် တိုင်းချစ်ပြည်ချစ်စိတ်ကို ဖြစ်ပေါ်လာစေပြီး တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်လိုသည့် စိတ်ပေါ်ပေါက်လာစေမည်ဖြစ်သည့်အတွက် အားကစားကဏ္ဍကို အားပေးမြှင့်တင် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့တာဝန်ယူနေစဉ်ကာလတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့မှစပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနဆိုပြီး သီးခြားစီ ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် ငယ်ရွယ်စဉ်ကတည်းက ပညာသင်ယူခြင်းနှင့်အတူ အားကစားလိုက်စားခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်ပြည့်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်လာအောင် ပြုစုပျိုးထောင်သွားမည့် ရည်ရွယ်ချက်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက်က အာရှအားကစားပြိုင်ပွဲနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များ ရယူပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးများကို စဉ်ဆက်မပြတ် ဂုဏ်ပြုချီးမြှင့်ပေးခဲ့ပြီး အသက်(၆၀)ပြည့်မြောက်သည့် အချိန်မှစ၍ သက်ရှိထင်ရှားရှိနေသမျှ ကာလပတ်လုံး လစဉ်ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်လျက်ရှိကြောင်း၊ ထို့အပြင် နိုင်ငံတော်၏ နေ့ကြီး၊ ရက်ကြီးများတွင်လည်း နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို ဝဏ္ဏကျော်ထင်ဘွဲ့၊ လူမှုထူးချွန်တံဆိပ် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် စသည်ဖြင့် ထိုက်ထိုက်တန်တန် ချီးမြှင့်ဂုဏ်ပြုပေးလျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ်အထိ ဝဏ္ဏကျော်ထင်ဘွဲ့ ၂၁ ဦး၊ လူမှုထူးချွန်တံဆိပ်(ပထမအဆင့်) ၆၅ ဦး၊ လူမှုထူးချွန် တံဆိပ် (ဒုတိယအဆင့်) ၄၈ ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယအဆင့်) ၇၈ ဦး၊ စုစုပေါင်း ၂၁၂ ဦး ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း၊ ချီးမြှင့်ရန် ကျန်ရှိသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကိုလည်း ဆက်လက်ပြီး စိစစ်ချီးမြှင့် ဂုဏ်ပြုပေးသွားမည် ဖြစ်သကဲ့သို့ ယခုပြိုင်ပွဲတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်များ ရယူပေးကြမည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များအနေဖြင့်လည်း အလားတူအခွင့်အရေးများ ရရှိလာကြမည်ဖြစ်ကြောင်း၊ ယခုနိုင်ငံတော်ကို ကိုယ်စားပြုပြီး သွားရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံ့လက်ရွေးစင် အားကစားသမားများသည် ကျန်းမာကြံ့ခိုင်မှု၊ နည်းစနစ်ပိုင်နိုင်ကျွမ်းကျင်မှု၊ အားကစားစွမ်းဆောင်ရည်မြင့်မားမှု၊ စံချိန်စံညွှန်းကောင်းမွန်မှုစသည့် အချက်များနှင့် ပြည့်ပြည့်ဝဝ ခိုင်ခိုင်မာမာရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲတွင် အောင်နိုင်ရေးနှင့် အမိနိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ရေးဆိုသည့် တာဝန်ကြီးကို မြန်မာအားကစားအဖွဲ့ဝင်များအားလုံး





စာမျက်နှာ ၃ သို့ ►

စာမျက်နှာ ၂ မှ အဆက်

နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ကိုအရင်းတည်ပြီး ခွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်ကာ အစွမ်းကုန် ကြိုးပမ်းသွားကြရန် ထပ်မံတိုက်တွန်းလိုကြောင်း၊ ပြိုင်ပွဲကြီးက ပေါ်ထွက်လာမည့် အားကစားအောင်မြင်မှုများကိုလည်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးသွားမည်ကို ပြောကြားလိုကြောင်း၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို ယခုကဲ့သို့ သွားရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အဘက်ဘက်မှ ကူညီအားပေးခဲ့ကြသည့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ အပါအဝင် အားလုံးကိုနိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း၊ မြန်မာအားကစား အဖွဲ့ဝင်များအားလုံး နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်ရေးဆိုသည့် အမျိုးသားရေးသန္နိဋ္ဌာန်ဖြင့် ရေကုန်ရေခမ်း ကြိုးပမ်းယှဉ်ပြိုင်သွားကြရန်၊ ပြိုင်ပွဲကာလအတွင်း အသင်းအဖွဲ့စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်များဖြင့် အချင်းချင်းရိုင်းပင်းကူညီသွားကြရန်၊ နိုင်ငံကြီးသားစိတ်ဓာတ်ဖြင့် တရားမျှတသန့်ရှင်းစွာ ယှဉ်ပြိုင်ပြီး အရှေ့တောင်အာရှ ဒေသညီနောင်နိုင်ငံများအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်ပေးနိုင်သည့် အားကစားချစ်ကြည်ရေး သံတမန်ကောင်း တာဝန်များကို ကျေပွန်ခဲ့ကြရန်၊ အားကစားနှင့်တိုင်းပြည်ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် အားကစားသူရဲကောင်း မောင်မယ်များအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အောင်လံ လွှင့်ပျံ နေစေရေး စွမ်းဆောင်သွားကြရန် တိုက်တွန်းအားပေးမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ထံ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်နိုင်ရေးအလံအဖြစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အပ်နှင်းသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့၏ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအား လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားပြီး အားကစားအဖွဲ့များအသုံးပြုမည့် အားကစားနည်းများအလိုက် အသုံးအဆောင်ပစ္စည်းများအား လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## 33rd SEA Games သို့ ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှု ရရှိစေရေးနှင့် ပြိုင်ပွဲတွင် အောင်မြင်မှုများရရှိလာပါက ထိုက်တန်စွာ ဂုဏ်ပြုဆုချီးမြှင့်နိုင်ရေး တို့နှင့်စပ်လျဉ်း၍ ပထမအကြိမ် မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





ရန်ကုန်၊ နိုဝင်ဘာ ၁ရက်

33rd SEA Games အောင်မြင်မှုရရှိစေရေးနှင့် အောင်မြင်မှုများရရှိလာပါက ထိုက်တန်စွာဂုဏ်ပြုဆု ချီးမြှင့်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ပထမအကြိမ် မြန်မာ့အားကစားအောင်နိုင်ရေး ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံအားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့သည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အဖွင့်အမှာစကားပြောကြားရာတွင် 33rd SEA Games တွင် အဆင့်မီစွာဝင်ရောက်ယှဉ်ပြိုင်ပြီး ထိုက်သင့်သည့်အောင်မြင်မှုများ ရရှိစေရန် နိုင်ငံတော်အကြီးအကဲအနေဖြင့် စခန်းသွင်းစားစရိတ်ကို တစ်ဦးလျှင် ၁ ရက် ကျပ် ၅၀၀၀/- နှုန်းမှ ၂၀၂၅ခုနှစ်၊ ဇူလိုင်လမှ စတင်ကာကျပ် ၁၂၀၀၀/-နှုန်းထိ တိုးမြှင့်ထောက်ပံ့ပေးခဲ့သည့်အတွက် အားကစားသမားများကို ကယ်လိုရီ စံနှုန်းများနှင့် ကိုက်ညီပြီး အာဟာရဖြစ်စေမည့် အစားအသောက်များကို တစ်ရက်လျှင် ကြိမ်နှုန်းဖြင့် ကျွေးမွေးနိုင်ခဲ့သည့်အပြင် အဘက်ဘက်မှပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ် မတ်လအတွင်း မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် မန္တလေးမြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ရန်လျာထားသည့် တည်ဆောက်ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများ ဝန်ထမ်းသက်သာချောင်ချိရေး အစီအမံများနှင့် လေ့ကျင့်မှုပိုင်းဆိုင်ရာများ

စာမျက်နှာ ၄ သို့

# ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် သေနတ်ပစ်နှင့် မြားပစ်အားကစားအဖွဲ့များအား လိုက်လံကြည့်ရှုစစ်ဆေးခြင်းနှင့် အာရှအမျိုးသမီးချန်ပီယံလိဂ် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ISPE အမျိုးသမီးဘောလုံးအသင်းအား တွေ့ဆုံအမှာစကားပြောကြား

ရန်ကုန်၊နိုဝင်ဘာ၂ရက်

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည့် သေနတ်ပစ်နှင့် မြားပစ်အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ် မြောက်ပိုင်းရှိ သေနတ်ပစ်အားကစားကွင်းသို့ သွားရောက်ပြီး စခန်းဝင်လေ့ကျင့်နေသည့် သေနတ်ပစ်အားကစားသမားများ၏ လေ့ကျင့်နေမှုများအား ကြည့်ရှုအားပေးခဲ့ပြီးနောက် အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများအားတွေ့ဆုံပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌက ပြိုင်ပွဲသုံးလက်နက်၊ ခဲယမ်းများကို ဝယ်ယူခွင့်ရရှိရေးနှင့် အခြားလိုအပ်ချက်များအားတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက မိမိအနေဖြင့် တာဝန်ရှိသူများနှင့်အတူ မြန်မာအားကစားအဖွဲ့ အောင်မြင်မှုရရှိစေရေးနှင့် နည်းလမ်းပေါင်းစုံဖြင့်ကြိုးစား ဆောင်ရွက်လျက်ရှိကြောင်း၊ အုပ်ချုပ်/ထောက်ပံ့မှုကိစ္စရပ်များတွင် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်၍ ပြိုင်ပွဲတွင် အဆင့်တန်းမီစွာဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး အောင်မြင်မှုရရှိအောင် အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုက္ကဆံ

စာမျက်နှာ ၅ သို့ ►

စာမျက်နှာ ၃ မှ အဆက် ►

တွင် စခန်းဝင်အားကစားအဖွဲ့များ၏ လေ့ကျင့်ရေးဝတ်စုံများအပါအဝင် အခြားထောက်ပံ့မှုများကို ယခင်နှစ်များထက် လျှော့ချခဲ့ရပါကြောင်း၊ ၎င်းအခက်အခဲများကိုလည်း အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၏ တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးမှုများဖြင့် ဖြေရှင်းဆောင်ရွက် ပေးနိုင်ခဲ့သည့်အတွက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် အချိန်နီးကပ်လာသည်နှင့်အမျှ သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များ၏ အစီအစဉ်များဖြင့် အားကစားသမားများ စိတ်ဓာတ်တက်ကြွခွန်အားဖြစ်စေမည့်ထောက်ပံ့မှုများ၊ ဝတ်စုံနှင့် အစားအသောက်များထောက်ပံ့ပေးခြင်း၊ အပန်းဖြေ အစီအစဉ်များ စီစဉ်ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးခဲ့သည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ဆော်ဒီအာရေဗီးယားနိုင်ငံမှာ ကျင်းပပြုလုပ်ခဲ့သည့် Esports ပြိုင်ပွဲတွင် AFC Women's Championship League 2025/2026 Preliminary Stage ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့သည်ကို အုပ်စုပထမအဆင့်ဖြင့် ခြေစစ်ပွဲ အောင်မြင်ခဲ့သည့် ISPE FC အမျိုးသမီးဘောလုံးအသင်းတို့ကို ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနား ပြုလုပ်ပေးချိန်တွင် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ၏ ထည့်ဝင်လှူဒါန်းပေးမှုများကြောင့် ကျပ်သိန်းပေါင်း ၁၀၀၀၀/-ကျော်အထိ ချီးမြှင့်ပေးနိုင်ခဲ့သည့်အတွက် အထူးပင်မှတ်တမ်းတင် ဂုဏ်ပြုကြောင်း၊ ဒါ့အပြင် ယခုနှစ်အတွင်း ကျင်းပပြုလုပ်ပေးခဲ့သည့် တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိခဲ့သည့် အားကစားသမားများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုအားပေးချီးမြှင့်ပေးခဲ့သည့်အတွက် ယခုအစည်းအဝေးသို့ တက်ရောက်လာကြတဲ့ အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌများမှ တစ်ဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ အထူးကျေးဇူးတင်ရှိပါကြောင်း၊ စခန်းဝင်အားကစားအဖွဲ့များတွင် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ အားကစားသမားများ၊ နည်းပြများပါဝင်နေခြင်းကြောင့် ပြိုင်ပွဲမတိုင်မီ လေ့ကျင့်ပြင်ဆင်နေချိန်ကာလအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များနှင့် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများမှ ကူညီပံ့ပိုးခြင်းများဆောင်ရွက်ပေးနိုင်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားနှင့်ကာယပညာ ကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ချုပ်ဥက္ကဋ္ဌများအပြင် အခြားတာဝန်ရှိ ပုဂ္ဂိုလ်များပါဝင်သည့် မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီကို မိမိအနေဖြင့်နာယကအဖြစ် တာဝန်ယူဆောင်ရွက်ပြီး အောက်တိုဘာလ ၁၆ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာ့အားကစား အောင်နိုင်ရေးကော်မတီ၏ လုပ်ငန်းတာဝန် ၇ ရပ်အနက် အဓိကဦးတည်ချက်ဖြစ်သည့် စခန်းဝင်အားကစားသမားများ၏ မိခင်ဖြစ်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကူညီထောက်ပံ့ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကူညီထောက်ပံ့ခြင်းတို့ ပြုလုပ်ပေးစေလိုကြောင်း၊ နိုင်ငံတော်အဆင့် ဂုဏ်ပြုပွဲအခမ်းအနားတွင် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ခြင်းများအပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်နှင့် ဝန်ကြီးဌာနများမှ ထပ်ဆင့် ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ်ပေးပြီး သင့်လျော်သည့်ရာထူးအဆင့်များ တိုးမြှင့်ပေးခြင်း၊ အလုပ်အကိုင်များဖန်တီး၍ ဂုဏ်ပြုပေးစေလိုကြောင်း၊ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေးအတွက် ကော်မတီဝင်များနှင့် ပထမအကြိမ် စတင်ဆွေးနွေးရခြင်းဖြစ်ပါကြောင်း၊ အစည်းအဝေးတက်ရောက်လာကြသူများအနေဖြင့် မြန်မာ့အားကစား အောင်နိုင်ရေးကော်မတီ သက်ဝင်လှုပ်ရှားနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ဦးထိန်လင်းနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့် အစည်းအဝေး တက်ရောက်လာကြသူများက မြန်မာအားကစားအဖွဲ့ အောင်နိုင်ရေး၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် အောင်မြင်မှုများ ရရှိလာပါက ဂုဏ်ပြုထောက်ပံ့ပေးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များအား အသီးသီးဆွေးနွေး တင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက 33rd SEA Games တွင် အောင်မြင်မှုရရှိအောင် သက်ဆိုင်ရာ ကဏ္ဍများအလိုက် အဘက်ဘက်မှ ဝိုင်းဝန်းပူးပေါင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အားကစားဖြင့် အမိမြန်မာနိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နိုင်အောင် အင်ပြည့်အားပြည့် ပါဝင်ဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းပြောကြားခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် 13th Para Games ပြိုင်ပွဲအတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် မသန်စွမ်းအားကစားအဖွဲ့အား လိုက်လံကြည့်ရှုစစ်ဆေး

ရန်ကုန်၊ နိုဝင်ဘာ ၃ရက်

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မသန်စွမ်းအားကစားအဖွဲ့ချုပ်၌ 13th Para Games ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် မသန်စွမ်းအားကစားအဖွဲ့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မသန်စွမ်း အားကစားအဖွဲ့ချုပ်သို့ သွားရောက်ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီ လ ၂၀ ရက်နေ့မှ ၂၆ ရက်နေ့အထိ ထိုင်းနိုင်ငံတွင် ကျင်းပမည့် 13th Para Games သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် မသန်စွမ်းအားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ ယခင်နှစ်ရရှိခဲ့သည့် ဆုတံဆိပ်များထက် သာလွန်အောင် ပိုမိုကြိုးစားအားထုတ်သွားရန်၊ မိမိတို့၏ အားနည်းချက်/အားသာချက်များနှင့် ပြိုင်ဘက်အားကစားသမားများ၏ အခြေအနေကို လေ့လာသုံးသပ်၍ မသန်ပေမဲ့စွမ်းဆောင် နိုင်သူများဖြစ်ပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နိုင်သူများဖြစ်အောင် ကြိုးစားသွားကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ယူဆောင်သွားမည့် ပြိုင်ပွဲသုံးအထောက်အကူပြု ပစ္စည်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး အဖွဲ့ချုပ်ရှိ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များက ပြည်ထောင်စုဝန်ကြီးအား တစ်ဦးချင်း မိတ်ဆက်၍ ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် ပြေးခုန်ပစ်၊ ရေကူး၊ မသန်စွမ်းဘော်လီဘော၊ ဘောလုံး၊ စားပွဲတင်တင်းနစ်၊ သေနတ်ပစ်၊ ဘိုစီယာ၊ မျက်မမြင် စစ်တုရင်၊ ဂိုးလ်ဘော (မျက်မမြင်)၊ ဘိုးလင်း၊ တိုက်ကွမ်ဒို အားကစားနည်းများအလိုက် ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများ၊ အားကစားနည်းများအလိုက် ယခင်ပြိုင်ပွဲများ၏ ရွှေစံချိန်/စံနှုန်းများထက် ပိုမိုသာလွန်ကောင်းမွန်နေမှု အခြေအနေများ၊ ကျန်းမာရေးစစ်ဆေးမှုများ၊ စားသောက်နေထိုင်ရေး ကိစ္စရပ်များ၊ ပြိုင်ပွဲဝင်

စာမျက်နှာ ၆ သို့ ►

စာမျက်နှာ ၄ မှ အဆက် ►





အားကစားကွင်း၌ လေ့ကျင့်လျက်ရှိသည့် မြားပစ်အားကစားနည်းမှ အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများအားတွေ့ဆုံ၍ ရမှတ်များ တိကျမှုရှိစေရန်အတွက် စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်မှုရှိအောင်လေ့ကျင့်ရန်၊ ဖြတ်ထိုးဉာဏ်သုံးပြီး အောင်မြင်မှုများရရှိအောင် ဆက်လက်ကြိုးစားသွားရန်လိုကြောင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာများကောင်းမွန်ပြီး ကျန်းမာရေးကောင်းမွန်အောင် အထူးဂရုစိုက်ကြရန်လိုကြောင်း၊ မိမိကိုယ်ကို ယုံကြည်မှုအပြည့်ရှိပြီး ပြိုင်ဘက်အားကစားသမားကို အနိုင်ရရှိအောင် ကြိုးစားသွားရန်နှင့် အုပ်ချုပ်သူ/နည်းပြများ၏ သင်ကြားပြသလေ့ကျင့်ပေးမှုများကို လေးစားလိုက်နာပြီး မြားပစ်အားကစားနည်းဖြင့် နိုင်ငံတော်အတွက် ဆုတံဆိပ်များရရှိအောင် အစွမ်းကုန်ကြိုးစားအားထုတ်သွားရန် တိုက်တွန်းပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သုဝဏ္ဏအားကစားကွင်းရှိ အစည်းအဝေးခန်းမ၌ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံကိုယ်စားပြု ISPE အမျိုးသမီးဘောလုံးအသင်း၏ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအားတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရန် ဘောလုံးအားကစားသည် အမျိုးသား အားကစားနည်းတစ်ရပ်ဖြစ်ပြီးများစွာ အထောက်အကူပြုနေသည့်အတွက် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့မှ ၁၅ ရက်နေ့အထိလူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်းတွင်မြန်မာနိုင်ငံမှအိမ်ရှင်အဖြစ်လက်ခံကျင်းပမည့်အာရှအမျိုးသမီးချန်ပီယံလိဂ်ခြေစစ်ပွဲသို့ ဝင်ရာက်ယှဉ်ပြိုင်မည့် အားကစားသမားများအနေဖြင့် အာရှအဆင့်၊ ကမ္ဘာ့အဆင့်မီ လက်ရွေးစင်ဘောလုံးအသင်းများဖြင့် စုဖွဲ့ထားသည့် အသင်းကိုယှဉ်ပြိုင်ရမည် ဖြစ်သည့်အတွက် မိမိကိုယ်ကိုဂုဏ်ယူမှုရှိစွာဖြင့် မြန်မာ့အားမာန်၊ အားကစားစိတ်ဓာတ်၊ အားကစားသမားကောင်းတစ်ယောက်၏ စိတ်ထား၊ အသင်းအဖွဲ့ စိတ်ဓာတ်တို့ဖြင့် ကြိုးစားယှဉ်ပြိုင်ကစားသွားရန်၊ အားကစားသမားတစ်ယောက်ပြုမူရမည့် ကျင့်ဝတ်များကို လိုက်နာ၍ ဒိုင်လူကြီးများကိုစောဒကမတက်ဘဲ မေတ္တာတရားဖြင့် အခွင့်အရေးရရှိအောင် ကြိုးစားကစားသွားရန်လိုကြောင်း၊ နည်းပြဆရာ၏ သင်ကြားပေးမှုများအတိုင်းလိုက်နာပြီး နည်းဗျူဟာ၊ နည်းစနစ်များနှင့် ကစားကွက်များကိုပြောင်းပြီး ယှဉ်ပြိုင်ကစားနိုင်အောင် လေ့ကျင့်သွားရန်နှင့် ဘောလုံးကစားရာ၌ ကျွမ်းကျင်လိမ္မာပါးနပ်စွာ ကစားကြရန်လိုကြောင်း၊ မိမိ၏အင်အားကိုချွေတာပြီး လိုအပ်သည့်အချိန်၌ လိုအပ်သလို အသုံးပြုတတ်ရန်နှင့် ပြိုင်ပွဲတိုင်းတွင် ပြိုင်ဘက်အသင်းကို အနိုင်ရရှိပြီး အောင်မြင်မှုများဆွတ်ခူးရရှိအောင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးစားသွားရန် လိုကြောင်းမှာကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

# 33rd SEA Games တွင် အောင်မြင်မှုရရှိစေရေးနှင့် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ရန်ကုန်တိုင်းဒေသကြီးမှ ရွေးချယ်ခံရသည့် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအတွက် ထောက်ပံ့ချီးမြှင့်ငွေ ပေးအပ်သည့်အခမ်းအနားကျင်းပ






ရန်ကုန်၊ နိုဝင်ဘာ ၁၀ ရက်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၉)ရက်နေ့မှ (၂၀)ရက်နေ့အထိ ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် 33rd SEA Games ပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့ အောင်မြင်မှုရရှိစေရေးနှင့် ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ရန် ရန်ကုန်တိုင်းဒေသကြီးမှ ရွေးချယ်ခံရသည့် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအတွက် ရန်ကုန်တိုင်းဒေသကြီးမှ ထောက်ပံ့ချီးမြှင့်ငွေပေးအပ်သည့်အခမ်းအနားကို၊ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းရှိ အားကစားနှင့်ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းမှ 33rd SEA Games ပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့အား ထောက်ပံ့ချီးမြှင့်ငွေကျပ်သိန်း(၁၀၀၀)တိတိကိုပေးအပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးမှ လက်ခံရယူခဲ့ပြီး အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးမှ ရွေးချယ်ခံရသည့် အုပ်ချုပ်သူ/နည်းပြ အားကစားသမားများအတွက် ထောက်ပံ့ချီးမြှင့်ငွေကျပ် (၁၃၆,၅၀၀,၀၀၀/-) ကိုပေးအပ်ခဲ့ရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးတို့မှ လက်ခံရယူခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် 33rd SEA Games သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မီတာ (၈၀၀) အပြေးနှင့် လုံတံပစ်အားကစားနည်းတို့၏ လက်ရည်စမ်း စံချိန်ဆန်းစစ်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီးနောက် 32nd SEA Games ရွှေစံချိန် များထက် သာလွန်ကောင်းမွန်သည့် စံချိန်များရရှိခဲ့သည့် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သဃ်န်းကျွန်းမြို့နယ်၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိတိုက်ကွမ်ဒိုအားကစားရုံတွင် တိုက်ကွမ်ဒိုအားကစားသမားများ၏ အားကစားနည်းအမျိုးအစားအလိုက် Mix Team အသင်းလိုက်ကကွက်၊ အတိုက်ကကွက်၊ တစ်ဦးချင်းကကွက်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီးနောက် အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများအား တွေ့ဆုံ၍ နေထိုင်သွားလာ စားသောက်မှု၊ ကျန်းမာရေးတို့ကို အထူးဂရုစိုက်ကြရန်လိုကြောင်း၊ နည်းစနစ်၊ နည်းဗျူဟာများနှင့် ယှဉ်ပြိုင်နိုင်အောင် ယခုကတည်းက ကြိုးစားလေ့ကျင့်သွားရန်လိုကြောင်း၊ နည်းပြဆရာများ၏ သင်ကြားပြသမှုများအတိုင်း ကြိုးစားလေ့ကျင့် ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားခဲ့သည်။

ဆက်လက်၍ သုဝဏ္ဏဘောလုံးလေ့ကျင့်ရေးကွင်း(၁)တွင် ISPE ဘောလုံးအသင်း၏ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကမ္ဘာ့အဆင့်နှင့် အာရှအဆင့်မီ လက်ရွေးစင်ဘောလုံးအသင်းများနှင့် ယှဉ်ပြိုင်၍ အတွေ့အကြုံများရရှိပြီး အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထိုက်သင့်သည့် အောင်မြင်မှုများရရှိစေရန် အားကစားနည်းစနစ်များ၊ ကစားပုံ၊ ကစားကွက်များ ပြောင်းလဲကစားနိုင်အောင် ကြိုးစားကြရန်လိုကြောင်း၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ဘောလုံးအားကစားနည်းဖြင့် မြှင့်တင်နိုင်သူများဖြစ်ပြီး ထိုက်တန်သည့် အောင်မြင်မှုများရရှိစေရေးအတွက် အစွမ်းကုန် ကြိုးစားအားထုတ်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၅ မှ အဆက်



ဝတ်စုံ/ အထောက်အကူပြုပစ္စည်း ထောက်ပံ့မှုများနှင့် ပြိုင်ပွဲအတွက် လိုအပ်ချက်များအား ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး 13th Para Games တွင် အောင်မြင်မှုရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်စေရန်အတွက် အရှိန်အဟုန်မပျက် ဆက်လက်ကြိုးစားသွားရန်နှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်၍ မလျော့သော ဇွဲ၊ လုံ့လဖြင့် အစွမ်းကုန်ကြိုးစားအားထုတ်သွားရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် တို့ဝန်ထမ်းတွေပါဝင်မဲပေးစို့။**

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အားကစားဖိုရမ် တက်ရောက်






နေပြည်တော်၊ နိုဝင်ဘာ ၁၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ညွှန်ကြားရေးမှူး ဦးဇော်စိုးနှင့်အတူ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Samara မြို့၌ကျင်းပပြုလုပ်ခဲ့သည့် (၁၃) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အားကစားဖိုရမ်သို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်တို့သည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Samara မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် First Asian Cooperation Dialouge Ministerial Meeting on Sports သို့ တက်ရောက်ခဲ့ပြီး "ရုရှားနိုင်ငံဆိုင်ရာ အားကစားဖိုရမ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "အမျိုးသားအားကစား၏အနာဂတ် – ရိုးရာဓလေ့ကိုပြန်လည်ထုတ်ဖော်ပြသခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "လူထုအားကစားတွင် ကမ္ဘာလုံးဆိုင်ရာ လမ်းကြောင်းများမှတစ်ဆင့် နိုင်ငံတကာအားကစား စီမံကိန်းများ အထိ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "ဘောလုံး၏အနာဂတ် ၂၀၃၀ ခုနှစ်တွင် ရုရှားပရီးမီးယားလိဂ်အတွက် မဟာဗျူဟာလမ်းညွှန်ချက်များ" ခေါင်းစဉ်ဖြင့်လည်းကောင်း နိုင်ငံပေါင်း(၁၆)နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ပါဝင် ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း သီးသန့်တွေ့ဆုံမှုအဖြစ် နိုဝင်ဘာလ၅ ရက်နေ့ နံနက်ပိုင်းတွင် ရုရှားနိုင်ငံအားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး Alexander Nikitin နှင့် တွေ့ဆုံ၍ မြန်မာ့အားကစားအောင်မြင်ရေးအတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံအားကစားဝန်ကြီးဌာနတို့အကြား လက်မှတ်ရေးထိုးထားသည့် ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာစာချွန်လွှာနှင့် ပတ်သက်၍ဆွေးနွေးခဲ့ပြီး နေ့လယ်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Samara မြို့တော်ဝန်နှင့် တွေ့ဆုံ၍ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် မြန်မာ့အားကစားဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆွေးနွေးခဲ့ပြီး ညနေပိုင်းတွင် ဘီလာရုစ်နိုင်ငံ အားကစားဝန်ကြီး Siarhei Kavalchuk နှင့်တွေ့ဆုံခဲ့ပြီး လာမည့် ၂၀၂၆ ခုနှစ်မှစတင်၍ MOU နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာအရ ဘီလာရုစ်နိုင်ငံမှ ပြေးခုန်ပစ်၊ သေနတ်ပစ်၊ ကနူးကယက်လှေ၊ အနောက်တိုင်းလှေ၊ ဆာလော်လွှမ်လှေနည်းပြများ မြန်မာနိုင်ငံသို့ စေလွှတ်ပေးနိုင်ရေးကိစ္စရပ်များအားလည်းကောင်း၊ ကာဇက်စတန်နိုင်ငံ ခရီးသွားလာရေးနှင့်အားကစားဝန်ကြီးဌာနဝန်ကြီး Yerbol Myrzabosynov နှင့်တွေ့ဆုံပြီး လက်ဝှေ့အားကစားနည်းနှင့် နပန်းအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပြများရရှိစေရေးကို ကူညီဆောင်ရွက်ပေးရန် အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၆ ရက်နေ့ ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Samara မြို့တွင် ကျင်းပပြုလုပ်သော XIII International Sports Forum "Russia: Country of Sports, Plenary Session "(၁၃) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အားကစားဖိုရမ်သို့ တက်ရောက်ခဲ့ပြီး အာရှပူးပေါင်းဆောင်ရွက်ရေး (ACD)အဖွဲ့ဝင်နိုင်ငံများမှ အားကစားဝန်ကြီးများနှင့် အားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများက "အားကစားမြှင့်တင်ရေး အစဉ်အလာမှ ဆန်းသစ်တီထွင်မှုသို့ – ACD နိုင်ငံများရှိ အားကစား၏အနာဂတ်" ဆောင်ပုဒ်ဖြင့် ACD အဖွဲ့ဝင်နိုင်ငံများအကြား အားကစားဖွံ့ဖြိုး တိုးတက်ရေး၊ နည်းပညာသုံးစွဲမှုနှင့် လူငယ်အားကစားသမားများကို အားပေးမြှင့်တင်ရေးလုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်ရေး၊ အားကစားကဏ္ဍတွင် နိုင်ငံတကာဆိုင်ရာ ဆန်းသစ်တီထွင်မှုများကို လက်တွေ့အသုံးချနိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ကိုယ်စားလှယ်တို့သည် Palace of Sports ပြတိုက်အတွင်းရှိ အားကစားပစ္စည်းနှင့် အဆောက်အဦများအား လေ့လာသုံးသပ်ကာ အားကစားဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲမှုတွင် အသုံးချနိုင်သည့် နည်းလမ်းများကိုလည်းကောင်း၊ အားကစားသမားများ၏ လေ့ကျင့်မှု၊ လုံခြုံရေးနှင့်နည်းပညာ အသုံးချမှုဆိုင်ရာ အကောင်းဆုံးနည်းဗျူဟာများကို စူးစမ်းလေ့လာပြီးလိုအပ်သည့် အကြံဉာဏ်များကိုလည်းကောင်း ဆွေးနွေးသုံးသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် Samara မြို့Vysotsky အားကစားနန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အားကစားဝန်ကြီးဦးဆောင်၍ "အနာဂတ်အတွက် အားကစားအတုတကွအနိုင်ရရှိခြင်း" မျက်နှာစုံညီအစည်းအဝေးသို့တက်ရောက်ခဲ့ပြီး အားကစားကဏ္ဍတွင် နိုင်ငံအဆင့်ပူးပေါင်းဆောင်ရွက်မှု၊ လူငယ်အားကစားသမားများအား တိုးတက်စွမ်းဆောင်နိုင်ရေးနှင့် နည်းပညာ အသုံးချမှုများအား ထိရောက်စွာ လုပ်ဆောင်နိုင်ရေးအတွက် အကြံဉာဏ်များကိုဖော်ပြသုံးသပ် ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံရှိ လူငယ်များနှင့် လက်ရွေးစင်အားကစားသမားများ အားကစားကဏ္ဍအလိုက် လေ့ကျင့်နေမှုအခြေအနေများ၊ 33rd SEA Games ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ ရုရှား-မြန်မာ အားကစားနှင့်လူငယ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများအား နိုင်ငံပေါင်း (၅၁) နိုင်ငံမှ ကိုယ်စားလှယ်များနှင့် အပြန်အလှန် ဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်တို့သည် နိုဝင်ဘာလ ၇ ရက်နေ့ နေ့လယ်ပိုင်းတွင် Samara မြို့၌ ကျင်းပပြုလုပ် ခဲ့သည့် Memorial Parade စစ်ရေးပြအခမ်းအနားကို တက်ရောက်ခဲ့ပြီးနောက် နိုဝင်ဘာလ ၉ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ပြိုင်ပွဲဝင်အသုံးအဆောင်ပစ္စည်းများ ဖွင့်ဖောက်စစ်ဆေးပြီးစီးမှုအခြေအနေနှင့် မန္တလေးလျှင်အပြီး ဝဏ္ဏသိဒ္ဓိအားကစားရုံ(A) ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ နိုဝင်ဘာ ၁၃

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် 33rd SEA Games သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့၏ ပြိုင်ပွဲဝင်အသုံးအဆောင်ပစ္စည်းများ ဖွင့်ဖောက်စစ်ဆေးပြီးစီးမှုအခြေအနေနှင့် မန္တလေးလျှင်အပြီး ဝဏ္ဏသိဒ္ဓိအားကစားရုံ(A) ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ထိုင်းနိုင်ငံဘန်ကောက်၊ ချွန်ဘူရီနှင့် ဆုန်ခလာမြို့များတွင် ကျင်းပပြုလုပ်မည့် 33rd SEA Games သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့၏ ပင်မကွပ်ကဲ အုပ်ချုပ်မှုအဖွဲ့၊ အားကစားနည်းအလိုက် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအတွက် ပြိုင်ပွဲဝင်အသုံးအဆောင်ပစ္စည်းများ ဖွင့်ဖောက် စစ်ဆေးပြီးစီးမှုအခြေအနေများအား လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပြီး မြန်မာ့အားကစားအောင်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်၊ အသုံးအဆောင်ပစ္စည်းများအား အသုံးပြုရာတွင် သက်တောင့်သက်သာဖြစ်စေရေး၊ အရည်အသွေးကောင်းမွန်သည့် ပစ္စည်းများ ထောက်ပံ့ပေးနိုင်စေရေးတို့အတွက် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A) ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားရုံ ရေရှည်တည်တံ့စေရေး၊ သဘာဝဘေးအန္တရာယ် ခံနိုင်စေရေးတို့အတွက် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများက စိစစ်ကြပ်မတ် ဆောင်ရွက်သွားရန်နှင့် သစ်ပင်၊ ပန်းပင်များ စိုက်ပျိုးထားသည့် အုတ်ဘောင်နှင့်ပလက်ဖောင်း ဆေးသုတ်ခြင်းလုပ်ငန်းများနှင့် အားကစားရုံပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်သာယာလှပစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးလျှင်အပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရုံ(A)နှင့် (B)တို့အား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများအားလိုက်လံကြည့်ရှုစစ်ဆေးခြင်းနှင့် ပိုက်ကျော်ခြင်းအားကစားသမားများ၏ လေ့ကျင့်နေမှုများအားကြည့်ရှုအားပေး





နေပြည်တော်၊ နိုဝင်ဘာ ၁၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မန္တလေးလျှင်အပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရုံ(A) နှင့် (B)တို့အား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခြင်းနှင့် ပိုက်ကျော်ခြင်း အားကစားသမားများ၏ လေ့ကျင့်နေမှုများအား ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးလျှင်အပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အဆောက်အဦပတ်လည်နံရံများ ပြန်လည်ဖာထေးပြုပြင်ပြီးစီးမှု၊ VIP ဧည့်ခန်းမဆောင် အုတ်စီခြင်း၊ မှန်တပ်ဆင်ခြင်း၊ ကြမ်းခင်းများနှင့် အုတ်နံရံများအား ပြုပြင်ဆောင်ရွက်နေမှု၊ မီတာ ၄၀၀ Synthetic ပြေးလမ်းအသစ် ပြန်လည်ခင်းကျင်းရန်



စာမျက်နှာ ၉ သို့ ►

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် 33rd SEA Games သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပီတန်း၊ အလေးမနှင့် ဂျူဒိုအားကစားသမားများ၏ လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုအားပေး





နေပြည်တော်၊ နိုဝင်ဘာ ၁၅

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦး၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် 33rd SEA Games အတွက် နေပြည်တော်တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ပီတန်း၊ အလေးမနှင့် ဂျူဒိုအားကစားသမားများ၏ လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှု အားပေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပီတန်းလေ့ကျင့်ရေးကွင်း၌ အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီးနောက် အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများအား တွေ့ဆုံ၍ ယခုရရှိထားသည့် ရမှတ်များထက် ပိုမိုကောင်းမွန်သည့် ရမှတ်များရရှိအောင် အခြေခံနည်းစနစ်များနှင့် စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်ခန်းများကို ကျွမ်းကျင်ပိုင်နိုင်မှုရှိရန် ကြိမ်ဖန်များစွာ လေ့ကျင့်သွားရန်၊ မျှော်မှန်းထားသည့်အတိုင်း အောင်မြင်မှုများရရှိအောင် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယများဖြင့် ကြိုးစားအားထုတ်သွားရန်၊ နောက်ဆုံးအကြိမ်လက်ရည်စမ်းပြိုင်ပွဲ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ပြီးနောက် လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး အလေးမအားကစားသမားများ၏ ဝိတ်တန်းများအလိုက် လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး မိမိတို့ရရှိထားသည့် စံချိန်ထက် သာလွန်ကောင်းမွန်စွာဖြင့် စံချိန်သစ်များရရှိခဲ့သည့် အားကစားသမားများနှင့် အုပ်ချုပ်/နည်းပြများကို ဂုဏ်ပြုထောက်ပံ့ငွေများချီးမြှင့်ခဲ့ပြီး ပြိုင်ပွဲကာလနီးကပ်လာပြီဖြစ်၍ ပြိုင်ပွဲတွင် စံချိန်သစ်များ ထပ်မံတင်နိုင်ရေး ကြိုးစားသွားကြရန်နှင့် ထိခိုက်ဒဏ်ရာများမရရှိအောင် အထူးဂရုစိုက်လေ့ကျင့်ကြရန် မှာကြားခဲ့သည်။

ထို့နောက် ဂျူဒိုလေ့ကျင့်ရေးရုံ၌ ဂျူဒိုအားကစားသမားများနှင့် အုပ်ချုပ်/နည်းပြများအား တွေ့ဆုံ၍ ဆုတံဆိပ်များရရှိအောင် ကြိုးစားဆောင်ရွက်သွားရန်၊ ပြိုင်ပွဲကာလနီးကပ်လာပြီဖြစ်၍ ကျန်းမာရေး အထူးဂရုစိုက်ရန်နှင့် အိပ်ရေးဝဝအိပ်ရန်၊ အောင်မြင်မှုအခြေခံ “စ” ခုနစ်လုံးဖြစ်သည့် “စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းအား၊ စည်းလုံးမှု၊ စံချိန်၊ စံညွှန်းနှင့် စံနှုန်း” များ ကောင်းမွန်ပိုင်နိုင်အောင် ကြိုးစားလေ့ကျင့်သွားရန်၊ ဂျူဒိုအားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ပြီး အောင်မြင်မှုများရရှိအောင် ဝိုင်းဝန်းပူးပေါင်း ကြိုးစားဆောင်ရွက်သွားကြရန် စိန်ခေါ်မှု၊ ကန့်သတ်ချက်၊ လိုလားချက်များစွာ ရှိသော်လည်း အမြဲတမ်းအကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားရန် တိုက်တွန်းမှာကြားခဲ့ပြီး လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၈ မှ အဆက် ►

ယခင်ပြေးလမ်းအဟောင်းအား ခွာထုတ်ပြီးစီးမှု၊ ဘောလုံးကွင်းမြက်ခင်း ပြန်လည်စိုက်ပျိုးပြီးစီးမှု၊ မြက်ခင်းများစိမ်းလန်းစိုပြေစေရေး ရေဖျန်းစနစ်တပ်ဆင်ပြီးစီးမှု၊ အထူးတန်းပွဲကြည့်စင်ပတ်လည် နံရံပလာစတာဖာထေးပြုပြင်ပြီးစီးမှု၊ ခါတ်လှေကား ပြန်လည်ပြင်ဆင်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေး မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အရည်အသွေးကောင်းမွန်စေရေး၊ သတ်မှတ်စံချိန်/စံညွှန်းပြည့်မီပြီး အချိန်မီတည်ဆောက်ပြီးစီးစေရေးတို့အတွက် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများအား စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အားကစားရုံ(A)နှင့် (B)တို့ရှိ အုတ်နံရံပတ်လည် ပလာစတာများပြုပြင်ပြီးစီးမှု အခြေအနေများ၊ ပွဲကြည့်စင်များ၊ VIP ဧည့်ခန်းမဆောင်ကြမ်းခင်း၊ နံရံများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ရေလိုင်း၊ မီးလိုင်း စနစ်များ ကောင်းမွန်စေရေးနှင့် LED ဘုတ်ပြားများ ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် 33rd SEA Games တွင် အဓိကအားထားသည့် အမျိုးသား/အမျိုးသမီး ကွင်းသွင်းခြင်းခတ် အားကစားသမားများ၊ ပိုက်ကျော်ခြင်း (နှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ လေးယောက်တွဲ) အားကစားသမားများ၏ လေ့ကျင့်နေမှုများအား ကြည့်ရှုအားပေးခဲ့ပြီး ပိုက်ကျော်ခြင်းအားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင်၊ မျှော်မှန်းထားသည့်အတိုင်း အောင်မြင်မှုများရရှိအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားယှဉ်ပြိုင်သွားရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**အောင်မြင်မှုအခြေခံ “စ” ခုနစ်လုံးဆောင်ရန်**
**စိတ်ဓာတ်၊ စည်းကမ်း၊**
**စွမ်းအား၊ စည်းလုံးမှု**
**စံချိန်၊ စံညွှန်း၊ စံနှုန်း**

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် 33rd SEA Games သို့ ယူဆောင်သွားမည့် အားကစားနည်းအလိုက် ပြိုင်ပွဲသုံး အထောက်အကူပြု အသုံးအဆောင်ပစ္စည်း ဝယ်ယူထားရှိမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် မြန်မာအားကစားအဖွဲ့များမှ 33rd SEA Games သို့ ယူဆောင်သွားမည့် အားကစားနည်းများအလိုက် ပြိုင်ပွဲအသုံးအဆောင်အထောက်အကူပြုပစ္စည်းများ၊ ပြိုင်ပွဲဝင်ဝတ်စုံများ၊ ပြိုင်ပွဲဝင်ဖိနပ်များ၊ ပြိုင်ပွဲသုံးလက်နက်ကိရိယာများ ဝယ်ယူထားရှိမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာအားကစားအသင်းအုပ်ချုပ်မှုအဖွဲ့မှ ပြိုင်ပွဲ၌ အားပေးရာတွင် အထောက်အကူဖြစ်စေသည့် မြန်မာနိုင်ငံအလံပါ လက်ပတ်၊ ခေါင်းစီး၊ မြန်မာအလံ၊ ပြိုင်ပွဲဝင်မြန်မာအားကစားအဖွဲ့ပါဝင်သည့် contingent book ၊ အားကစားနည်းအလိုက် ပြိုင်ပွဲ schedule များ၊ ပြိုင်ပွဲကျင်းပမည့်နေရာများနှင့် အားကစားကွင်း/အားကစားရုံများ၊ ဆေးအဖွဲ့မှ ခင်းကျင်းထားသည့် အထွေထွေဆေးဝါးများ၊ ပြိုင်ပွဲဝင်အားကစားနည်း ၃၈ နည်း၏ အားကစားနည်းများအလိုက် ပြိုင်ပွဲသုံး အသုံးအဆောင်များ၊ အထောက်အကူပြုပစ္စည်းများ၊ ပြိုင်ပွဲဝင်ဝတ်စုံများ၊ ပြိုင်ပွဲဝင်ဖိနပ်များနှင့် ပြိုင်ပွဲသုံးလက်နက်ကိရိယာများ ခင်းကျင်းပြသထားရှိမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ရာ အဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အုပ်ချုပ်သူ/နည်းပြများနှင့် တာဝန်ရှိသူများက မိမိတို့အားကစားနည်းအလိုက် အသုံးပြုမည့် ပစ္စည်းများ၏ အရည်အသွေး၊ အမျိုးအစားများနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ထပ်မံပြင်ဆင်ဆောင်ရွက်သွားရန်နှင့် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များ အနေဖြင့် မိမိတို့ကျရာအခန်းကဏ္ဍမှနေ၍ နိုင်ငံ့ဂုဏ်ကို အားကစားဖြင့်မြှင့်တင်နိုင်ပြီး အောင်မြင်မှုဆုတံဆိပ်များရရှိအောင် ဝိုင်းဝန်းပူးပေါင်း ကြိုးစားဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ဆိုင်းဘုတ်တင်အခမ်းအနားနှင့် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပမည့် အားကစားကွင်းများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ နိုဝင်ဘာ ၁၈

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများအား စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း Gate–1 တွင် ကျင်းပခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများတက်ရောက်ခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဒီဇင်ဘာလ အပတ်စဉ် စနေနေ့များတွင် ဒီဇင်ဘာလူထုလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ အောင်မြင်စွာကျင်းပရေး လှုံ့ဆော်ရေးဆိုင်းဘုတ်ကို အောင်သပြေခက်များ၊ အမွှေးနံ့သာရည်များဖြင့် ဦးဆောင်ပက်ဖျန်းခဲ့ပြီး ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ဆက်လက်ပက်ဖျန်း၍ ဆိုင်းဘုတ် တင်အခမ်းအနားအား ဆောင်ရွက်ခဲ့ပြီးနောက် စုပေါင်းလမ်းလျှောက်ပွဲ ဆောင်ရွက်မည့် လမ်းကြောင်းအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်ပြီး ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပမည့် လေ့ကျင့်ရေးကွင်းအမှတ် (၁/၂/၃/၄) တို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည့်လုပ်ငန်းများကို ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

# 33rd SEA Games တွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့များ၏ အားကစားအောင်နိုင်ရေးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ






နေပြည်တော်၊ နိုဝင်ဘာ ၂၀

33rd SEA Games တွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့များ၏ အားကစားအောင်နိုင်ရေးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၊ အားကစားလေ့ကျင့်ရေးစခန်းရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ဦးလွင်၊ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့သည်။

ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ကျေးဇူးတင်စကားပြောကြားရာတွင် ယခုလို မြန်မာ့အားကစားအောင်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်အောင် အလှူငွေများလာရောက်ထောက်ပံ့ လှူဒါန်းပေးအပ်ခဲ့သည့်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် များစွာဝမ်းသာမိပါကြောင်း၊ ယခုလာရောက်လှူဒါန်းပေးအပ်ခဲ့သည့် အလှူငွေများကို အောင်နိုင်ရေးဆိုင်ရာကိစ္စရပ်များအတွက် စနစ်တကျ သုံးစွဲသွားမည်ဖြစ်ကြောင်း၊ အားကစားနည်း ၃၈ နည်းဖြင့် စနစ်တကျ စုဖွဲ့လေ့ကျင့်ပြီး 33rd SEA Games သို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် အသင့်အနေထားရှိနေပြီးဖြစ်ကြောင်း၊ ပြိုင်ပွဲတိုင်းတွင် အကြိမ်များစွာ မြန်မာနိုင်ငံ၏အလံကို တိုင်ထိပ်၌ လွှင့်ထူနိုင်အောင် မိမိတို့မြန်မာအားကစားအဖွဲ့အနေဖြင့် အားကစားဖြင့်နိုင်ငံဂုဏ်ကို မြှင့်တင်နိုင်အောင် ရေကုန်ရေခမ်းအစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က အလှူငွေပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် 33rd SEA Games ကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့မှ ၂၀ ရက်နေ့အထိ ထိုင်းနိုင်ငံရှိ ဘန်ကောက်၊ ချွန်ဘူရီနှင့် ဆုန်ခလာမြို့များတွင် လက်ခံကျင်းပသွားမည်ဖြစ်သည်ကို သိရှိရပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲ စတင်သန္ဓေတည် ပေါ်ပေါက်လာစေရန် ကြိုးပမ်းခဲ့သည့် ဦးဆောင်နိုင်ငံပီပီ ပထမအကြိမ်ပြိုင်ပွဲမှ ယခု လာမည့် 33rd SEA Games အထိ အကြိမ်တိုင်းမပျက်မကွက် ပါဝင်ဆင်နွှဲခဲ့သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ အိမ်ရှင်နိုင်ငံအနေဖြင့်လည်း မိမိတို့မြန်မာနိုင်ငံမှ ၁၉၆၁ ခုနှစ် ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲနှင့် ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ်ပြိုင်ပွဲကို ရန်ကုန်မြို့၌ လည်းကောင်း၊ ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို နေပြည်တော်၌လည်းကောင်း လက်ခံကျင်းပခဲ့ပြီး နိုင်ငံတကာမှ ချီးမွမ်းဂုဏ်ပြုမှုများရရှိခဲ့သည်အထိ အောင်မြင်မှုအစဉ်အလာနှင့် သမိုင်းမှတ်တမ်းကောင်းများစွာကိုလည်း ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ် 32nd SEA Games တွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၁၉ နည်း၊ အားကစားသမား၊ အုပ်ချုပ်သူ/နည်းပြ စုစုပေါင်း ၄၄၅ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၂၁ ခု၊ ငွေတံဆိပ် ၂၅ ခု၊ ကြေးတံဆိပ် ၆၈ ခု စုစုပေါင်းဆုတံဆိပ် ၁၁၄ ခု ရယူပေးနိုင်ခဲ့ပါကြောင်း၊ ဘောလုံးပြိုင်ပွဲ၌ မိမိတို့ အမျိုးသား၊ အမျိုးသမီးအသင်း နှစ်သင်းလုံးသည် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်မှာ 33rd SEA Games တွင် အဆင့်မီမီယှဉ်ပြိုင်နိုင်မည့် အားကစားနည်း ၃၈ နည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်ကို သိရှိရပါကြောင်း၊ တစ်ခေတ်တစ်ခါက နိုင်ငံ့ဂုဏ်ဆောင် မြန်မာအားကစား လူရည်ချွန်များကဲ့သို့ အရိုးကြေကြေ အရေခမ်းခမ်း မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် နိုင်ငံ့ဂုဏ်ကိုအားကစားဖြင့် ကြိုးပမ်းမြှင့်တင်ဆောင်ရွက်ကြရာတွင် ယခုကဲ့သို့ တစ်ထောင့်တစ်နေရာက ပါဝင်အားဖြည့်ရန်အတွက် လှူဒါန်းရခြင်းဖြစ်ကြောင်း၊ 33rd SEA Games တွင် နိုင်ငံ့ကိုယ်စားပြု အားကစားသမားများအနေဖြင့် အောင်နိုင်စိတ်၊ နိုင်ကိုနိုင်ရမည်ဆိုသည့်စိတ်ဓာတ်ဖြင့် အောင်ပွဲအလီလီ ဆွတ်ခူးနိုင်စေရေးအတွက် ဆက်လက်ကြိုးစားသွားရန်လိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် 33rd SEA Games တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့အောင်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းခဲ့ရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် (Hoop Takraw) နည်းပြသင်တန်း ဖွင့်ပွဲကျင်းပ






နေပြည်တော်၊ နိုဝင်ဘာ ၅

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် (Hoop Takraw) နည်းပြသင်တန်း ဖွင့်ပွဲကို ယနေ့နံနက်တွင် နေပြည်တော်အားကစား လေ့ကျင့်ရေးစခန်း၌ကျင်းပခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုသင်တန်းဖြစ်သည့် (Hoop Takraw) သည် ထိုင်းရိုးရာ အားကစားနည်းဖြစ်ပြီး ၂၀၀၅ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သော 23rd SEA Games မှစတင်၍ ထည့်သွင်းခဲ့ရာ မြန်မာအသင်းအနေဖြင့် အမျိုးသားပြိုင်ပွဲ၌ ကြေးတံဆိပ် ၁ ခုနှင့် အမျိုးသမီး ပြိုင်ပွဲ၌ ရွှေတံဆိပ် ၁ ခု စုစုပေါင်း ဆုတံဆိပ် ၂ ခုကို လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် 32nd SEA Games တွင် အမျိုးသား/အမျိုးသမီးအသင်းတို့မှ ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် Hoop Takraw အားကစားနည်းကို တပ်မတော် ကြည်း/ရေ/လေ ပြိုင်ပွဲများတွင် ၂၀၀၇ ခုနှစ်မှစတင်၍ အဆိုပါ အားကစားကို ထည့်သွင်းကျင်းပပြုလုပ်ခဲ့ကြောင်း၊ သင်တန်းတွင်တက်ရောက်ကြသော ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးနှင့် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများမှ နည်းပြများအနေဖြင့် နည်းဥပဒေသ၊ စည်းမျဉ်း/စည်းကမ်းနှင့် နည်းစနစ်ပိုင်းဆိုင်ရာများကို စနစ်တကျလေ့လာသင်ယူပြီး Hoop Takraw ကွင်းသွင်းခြင်းခတ် အားကစားသမားများကို ပြုစုပျိုးထောင်လေ့ကျင့် သင်ကြားပေးသွားရန် တိုက်တွန်းမှာကြားလိုကြောင်း၊ သင်ကြားပို့ချပေးမည့် စာတွေ့/လက်တွေ့ သင်ခန်းစာများကို ဂရုတစိုက် လေ့လာသင်ယူမှတ်သားပြီး (Hoop Takraw) အားကစားနည်းဖြင့် မြန်မာ့အားကစားလောကကို မြှင့်တင်ပေးနိုင်သည့် နည်းပြကောင်းများဖြစ်အောင် ကြိုးပမ်းအားထုတ်သွားရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

---

စာမျက်နှာ ၁၇ မှ အဆက်

အားကစားနည်းအလိုက် မျှော်မှန်းဆုတံဆိပ်များ ရရှိစေရေး၊ ပြိုင်ပွဲကာလအတွင်း အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ အားကစားသမားတစ်ဦးချင်း၏ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းတာဝန်များကို ကြိုတင်ရေးဆွဲ၍ စိစစ်ကြပ်မတ်ပြီး တာဝန်များခွဲဝေပေးသွားရန်၊ ပြိုင်ပွဲယှဉ်ပြိုင်ရန်အတွက် အဖွဲ့လိုက်ထွက်ခွာမည့် နေ့ရက်များနှင့် အားကစားနည်းများ၊ ပြိုင်ပွဲယှဉ်ပြိုင်မည့်နေ့ရက်များနှင့် ပြန်လည်ရောက်ရှိမည့် နေ့ရက်များတွင် လိုက်ပါပို့ဆောင်မည့်အဖွဲ့နှင့် အချိန်နှင့်တစ်ပြေးညီ သတင်းမှတ်တမ်းများထုတ်ပြန်နိုင်ရေး ပြင်ဆင်ဆောင်ရွက်သွားရန်၊ ပြိုင်ပွဲသို့လိုက်ပါမည့် သတင်းမှတ်တမ်းရိုက်ကူးရေးအဖွဲ့အနေဖြင့် ပြိုင်ပွဲကာလအတွင်း ပြိုင်ပွဲယှဉ်ပြိုင်မှုများ၊ ဆုရရှိသည့် အားကစားသမားများနှင့် အားကစားနည်းများအား သတင်းရုပ်သံများတွင် ပြည့်ပြည့်စုံစုံ ထုတ်လွှင့်ဖော်ပြပါရှိနိုင်စေရေး စနစ်တကျ တာဝန်ပေးအပ်ဆောင်ရွက်သွားရန်၊ ပင်မကွပ်ကဲအုပ်ချုပ်မှုအဖွဲ့အနေဖြင့် ပြိုင်ပွဲဝင်အားကစားအဖွဲ့များ၏ တည်းခိုနေထိုင်စားသောက်မှု၊ ကြိုဆိုနေရာချထားမှု၊ ပြိုင်ပွဲယှဉ်ပြိုင်မှုနှင့်ကျန်းမာရေးဆိုင်ရာကိစ္စရပ်များတွင် လစ်ဟင်းမှုများမရှိစေရေး စနစ်တကျ စိစစ်ကြပ်မတ် ဆောင်ရွက်သွားရန်၊ အားကစားအဖွဲ့များအား အနီးကပ်ကျန်းမာရေး စောင့်ရှောက်မှုများ ပေးနိုင်စေရေးအတွက် ကျင်းပမည့် မြို့ ၃ မြို့တွင် ဆေးအဖွဲ့များကို စနစ်တကျ တာဝန်ခွဲဝေပေးအပ်ထားပြီး အဖွဲ့ခေါင်းဆောင်များအနေဖြင့်အုပ်ချုပ်မှု ကိစ္စရပ်များနှင့် ပြိုင်ပွဲယှဉ်ပြိုင်မှုကိစ္စရပ်များတွင် အခက်အခဲများရှိပါက အထက်အကြီးအကဲများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ တင်ပြပေးသွားရန်၊ 33rd SEA Games တွင် မျှော်မှန်းထားသည့်အတိုင်း အောင်မြင်မှုများ ဆွတ်ခူးနိုင်စေရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဝိုင်းဝန်းပေါင်းစပ် ဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။

ဆက်လက်ပြီး အစည်းအဝေး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်ပြီး အသီးသီးတင်ပြ ဆွေးနွေးခဲ့ရာ ဒုတိယဝန်ကြီးက မြန်မာအားကစားအဖွဲ့ အောင်နိုင်ရေးနှင့် ဆုတံဆိပ်များရရှိစေရေးတို့အတွက် ရုံးလုပ်ငန်းဆောင်ရွက်နေမှု အပိုင်းများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာန၏ အရေးကြီးသည့်ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်ဖြစ်သည့် 33rd SEA Games တွင် အောင်မြင်မှုရရှိစေရေးနှင့် မျှော်မှန်းထားသည့်အတိုင်း ဆုတံဆိပ်များရရှိစေရေး၊ ဒီဇင်ဘာလ လူထုလှုပ်ရှားမှု အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲနှင့် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးတို့အတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် အချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် တင်ပြချက်များ၊ အခက်အခဲများနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

# ၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် "မီးပုံးပျံ ပုံသဏ္ဍာန်အလှပဆုံးဆု" ကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှရရှိ





နေပြည်တော်၊ နိုဝင်ဘာ ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲကို နိုဝင်ဘာလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရေပန်းရင်ပြင်တော်၌ ခမ်းနားထည်ဝါစွာဖြင့် ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဦးမျိုးကျော်သူ၊ ဦးညဏ်ဇော်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးနှင့် အရာထမ်း၊ အမှုထမ်းများ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲခဲ့သည်။

နိုဝင်ဘာလ ၃ ရက်နေ့ ညပိုင်း၌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ "ပြည့်ဂုဏ်ဆောင်" စိန်နားပန် မီးပုံးပျံဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသည်။

၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် စိန်နားပန် မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲတွင် ဝန်ကြီးဌာန (၁၄) ခုတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အနက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင် လွှတ်တင်သည့် "ပြည့်ဂုဏ်ဆောင်" စိန်နားပန် မီးပုံးပျံသည် "မီးပုံးပျံ ပုံသဏ္ဍာန်အလှပဆုံးဆု"ကို ရရှိခဲ့၍ ပြည်ထောင်စုဝန်ကြီးက ၁၃-၁၁-၂၀၂၅ ရက်နေ့တွင် ပြိုင်ပွဲပါဝင်ဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုအခမ်း အနားကျင်းပ၍ နေ့လယ်စာဖြင့် ကျွေးမွေးဂုဏ်ပြုခဲ့ကြောင်း သိရသည်။

# ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ





နေပြည်တော်၊ နိုဝင်ဘာ ၆

၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် (၁၀) နာရီ အချိန်တွင် နေပြည်တော်၊ ရုံးအမှတ် (၃၁) ရှိ စုပေါင်း အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများတက်ရောက်ခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပရေးဗဟို ကော်မတီ ပထမအကြိမ်အစည်းအဝေးတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူဖြစ်စေရေး၊ ဝန်ကြီးဌာန အသီးသီးမှ ဝန်ထမ်းများပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံး ဖြစ်စေရေး၊ တက်ကြွရွှင်လန်းစွာဖြင့် တာဝန်များကို ပိုမိုထမ်းရွက်နိုင်စေရေးကို ရည်ရွယ်ပြီး ၂၀၂၆ ခုနှစ် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပပြုလုပ်သွားရန် မှာကြားခဲ့ပါကြောင်း၊ ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းနှင့် ပြည်ထောင်စုဝန်ကြီးများမှ ဦးဆောင်၍ နေပြည်တော်ရှိ အခြေခံပညာကျောင်း(၁၀)ကျောင်းတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ အကူအညီဖြင့် အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ အဖြစ် ခေါင်းအုံးရိုက်၊ သံပုံးရိုက်၊ ဂုန်နီအိတ်စွပ်ပြေး၊ ခြေပူးပြေး စသည့်ပြိုင်ပွဲများ ကျင်းပပေးသွားစေလိုကြောင်း၊ မိမိတို့ဝန်ကြီး ဌာနအနေဖြင့် ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(ကျား/မ)၊ ထုပ်စီးတိုး၊ အပြေး မီတာ (၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀) ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလကိုလူထုအားကစားလ အဖြစ်သတ်မှတ်ပြီး တစ်နိုင်ငံလုံး လူထုလှုပ်ရှားမှုအသွင်ဖြင့် လူထု စုပေါင်းလမ်းလျှောက်ပွဲများကို ဆောင်ရွက်လျက်ရှိရာ လမ်းလျှောက်ပွဲ များအပြီးတွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများကို



စာမျက်နှာ ၁၄ သို့ ►

## လူငယ်နှင့်ကိုယ်ရည်ကိုယ်သွေး စကားဝိုင်းကျင်းပ





နေပြည်တော်၊ နိုဝင်ဘာ ၁၁

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော် ကောင်စီ လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် "လူငယ်နှင့် ကိုယ်ရည်ကိုယ်သွေး စကားဝိုင်း"ကို ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိ မြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း ပညာဗိမာန် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများ၊ ဆရာ/ဆရာမများ နှင့် ကျောင်းသား/ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား/ကျောင်းသူများက "ဇာတိမာန်" တေး သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျောင်းသား/ကျောင်းသူများ အနေဖြင့် စာဖတ်ခြင်းအလေ့အထ ပျိုးထောင်ရန် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိရန်၊ သုတ၊ ရသ စာပေ များကိုဖတ်ရှုလေ့လာရန် တိုက်တွန်းလိုကြောင်း အဖွင့်အမှာစကား ပြောကြား၍ အလှူငွေနှင့်ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီးက အမှာစကားပြောကြားပြီး အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

---

စာမျက်နှာ ၁၃ မှ အဆက် ►

စုပေါင်းပါဝင်ဆင်နွှဲ၍ ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများကို ဆက်လက် ကျင်းပ ပေးလျက်ရှိပါကြောင်း၊ လူထုအားကစားလှုပ်ရှားမှုများကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက် ပေးသွားရန်နှင့် ဝန်ကြီးဌာနအသီးသီးကိုလည်း T-Shirt များ ဖြန့်ဝေပေးရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ လူထု လမ်းလျှောက်ပွဲသို့ အင်ပြည့်အားပြည့် ပူးပေါင်းပါဝင်ဆင်နွှဲပေးစေ လိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် က (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲ ကျင်းပရေး ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းများ၏ ပြည်ထောင်စုဝန်ကြီးဌာနများ စုဖွဲ့၍ တာဝန်ခွဲဝေဆောင်ရွက်မှုများ၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အားကစားပြိုင်ပွဲ များနှင့် ပျော်ပွဲရွှင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလစုပေါင်း လမ်းလျှောက်ပွဲ စီစဉ်ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ဆွေးနွေး တင်ပြခဲ့သည်။

အစီအစဉ်အရ အစည်းအဝေးတက်ရောက်လာကြသည့် ပြည်ထောင်စု အဆင့် ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနကိုယ်စားလှယ်များက လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးဆွေးနွေး တင်ပြခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ် သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ပြီးနောက် တစ်မျိုးသား လုံးကျန်းမာကြံ့ခိုင်ရေးနှင့် မြန်မာ့အားကစား အဆင့်အတန်းတိုးတက် မြင့်မားရေးဆိုသည့် အမျိုးသားရေးတာဝန်များသည် မိမိတို့ဝန်ကြီးဌာန တစ်ခုတည်း ဆောင်ရွက်၍မရနိုင်သဖြင့် ပြည်ထောင်စုဝန်ကြီး ဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များ အပါအဝင် တစ်နိုင်ငံလုံးရှိပြည်သူတစ်ရပ်လုံး အင်တိုက်အားတိုက် ပူးပေါင်း ပါဝင်လှုပ်ရှားပေးသွားရန်လိုကြောင်း၊ ဒီဇင်ဘာလူထု အားကစားလ စုပေါင်းလမ်းလျှောက်ပွဲများအား အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်း ပါဝင်ဆောင်ရွက်ပေးသွားရန်နှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး အစည်းအဝေး အား ရုပ်သိမ်းခဲ့သည်။

---

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း ပြည်နယ်ဝန်ကြီးချုပ်ဖလား အလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ကြည့်ရှုအားပေး



နိုဝင်ဘာ ၁၂

ကယားပြည်နယ်၌ အားကစားကဏ္ဍဖွံ့ဖြိုး တိုးတက်စေရန် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ကယားပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးသိန်း၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းနှင့်အဖွဲ့သည် ယမန်နေ့က လွိုင်ကော်မြို့ရှိ ပြည်နယ်အားကစားကွင်းသို့ သွားရောက်၍ အားကစား ဆိုင်ရာအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ် ဝန်ကြီးချုပ်ဖလား အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကြည့်ရှု အားပေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်အားကစားကွင်းအတွင်း

စာမျက်နှာ ၁၅ သို့ ►

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး)နှင့် တောင်ကြီးမြို့နယ် ရွှေညောင်အားကစားကွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ နိုဝင်ဘာလ ၁၃

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး)နှင့် တောင်ကြီးမြို့နယ် ရွှေညောင်အားကစားကွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)ရှိ ပင်မဆောင် (ရုံး)၊ စားရိပ်သာနှင့် စာသင်ဆောင်တို့တွင် အသုံးပြုရန် ဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ် တပ်ဆင်ထားရှိမှုအခြေအနေအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရေရှည်အသုံးပြုနိုင်စေရေးနှင့် ဘေးအန္တရာယ်မဖြစ်စေရေးတို့အတွက် ဂရုပြုကိုင်တွယ်ထိန်းသိမ်းသွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ပြီးနောက် အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် အုတ်တံတိုင်းကာရံခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ အချိန်မီ ပြီးစီးစေရေးတို့အတွက် တာဝန်ရှိသူများက အထူးကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)ရှိ အားကစားနှင့်ပညာရေးပေါင်းစပ် အထက်တန်းကျောင်း၌ ကျောင်းသား/ကျောင်းသူများ၏ ပညာသင်ကြားနေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး အောင်ချက်များ မြင့်မားစေရေးအတွက် တာဝန်ရှိသူများက စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် အားကစားထူးချွန်သူများ၊ ပညာရေးတွင် အဆင့်မီမီ အောင်မြင်စေရေးတို့အတွက် အားပေးစကားပြောကြားခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့နယ် ရွှေညောင်အားကစားကွင်းရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် ပွဲကြည့်စင် အပါဖူဆယ်အားကစားရုံ တည်ဆောက်နေမှု အခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာနှင့် အချိန်မီတည်ဆောက် ပြီးစီးစေရန် တာဝန်ရှိသူများက ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၄ မှ အဆက်

ပြန်လည်ပြုပြင်တည်ဆောက် ဖွင့်လှစ်လျက်ရှိသော ပြည်နယ် GYM အားကစားခန်းမ၊ အမျိုးသားရေကူးကန်၊ ဖူဆယ်အားကစားရုံနှင့် ဝန်ထမ်းအိမ်ရာတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ၂၀၂၅ ခုနှစ် ကယားပြည်နယ်ဝန်ကြီးချုပ်ဖလားအလွတ်တန်းဖိတ်ခေါ်ဘောလုံး ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ဒေါတမ(FC)အသင်းနှင့် မိုင်းလုံးအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးရာ ဒေါတမ(FC)အသင်းက မိုင်းလုံးအသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အဆိုပါ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဘောလုံးအသင်း ၂၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲများကို ဒီဇင်ဘာ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲအခမ်းအနား ကျင်းပ



နေပြည်တော်၊ နိုဝင်ဘာ ၁၃

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော် ကောင်စီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အ.ထ.က(မကျီးပင်)၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီအတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အ.ထ.က(မကျီးပင်)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ တက်ရောက်ခဲ့သည်။ဦးစွာ အ.ထ.က(မကျီးပင်) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား/ကျောင်းသူများက "ဓာတ်မာန်" တေးသီချင်းဖြင့်သီဆိုဖျော်ဖြေခဲ့ကြပြီးနောက် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား

အချပ်ပို (ခ) သို့

# 8th WVVF World Vovinam Championship 2025 ပြိုင်ပွဲတွင် မြန်မာဗိုဗီနမ်အသင်း ရွှေတံဆိပ် ၂ ခု၊ ငွေတံဆိပ် ၅ ခု၊ ကြေးတံဆိပ် ၇ ခု၊ စုစုပေါင်း ဆုတံဆိပ် ၁၄ ခု ဆွတ်ခူးရရှိ





ရန်ကုန်၊ နိုဝင်ဘာ ၉ရက်

အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် 8th WVVF World Vovinam Championship 2025 ပြိုင်ပွဲသို့ မြန်မာဗိုဗီနမ်အသင်းမှ အားကစားနည်းအမျိုးအစား (Event) ၁၆ မျိုးတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

အမျိုးသမီး ၄၈-၅၁ ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် မနှင်းသက်ဝေက ရွှေတံဆိပ် ၁ ခုကိုလည်းကောင်း၊ အမျိုးသမီး ဓါးမြှောင် ၂ လက် အပြ ပြိုင်ပွဲနှင့် အမျိုးသမီးဓါး ၁ လက် အပြပြိုင်ပွဲတို့တွင် မမေဟန်နီအောင်လွင်က ရွှေတံဆိပ် ၁ ခုနှင့် ကြေးတံဆိပ် ၁ ခုတို့ကိုလည်းကောင်း၊ အမျိုးသား လက်သိုင်းအပြပြိုင်ပွဲတွင် မောင်တင်ထူးဇော်က ငွေတံဆိပ် ၁ ခုကို လည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲ ဓါးမြှောင်အတိုက် အပြ ပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင်နှင့် မောင်ကျော်သူစိုးအောင်တို့ အတွဲက ငွေတံဆိပ် ၁ ခုကိုလည်းကောင်း၊ အမျိုးသားတုတ်ရှည် အပြ ပြိုင်ပွဲတွင် မောင်တင်ထူးဇော်က ငွေတံဆိပ် ၁ ခုကိုလည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲ ဓါးရှည် ၂ လက်အတိုက်အပြပြိုင်ပွဲနှင့် အမျိုးသားနှစ်ယောက်တွဲ ဓါးရှည် ၁ လက်အတိုက် အပြပြိုင်ပွဲ တို့တွင် မောင်ဟိန်းထက်အောင်နှင့် မောင်တင်ထူးဇော်တို့အတွဲက ငွေတံဆိပ် ၂ ခုကို လည်းကောင်း၊ အမျိုးသမီးသုံးဦးနှင့် အမျိုးသား သုံးဦး အသင်းလိုက်လက်နက်မဲ့အပြ ပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင်၊ မောင်ကျော်သူစိုးအောင်၊ မောင်တင်ထူးဇော်၊ မချစ်နိုဒီဆောင်း၊ မမေဟန်နီအောင်လွင်နှင့် မနှင်းသက်ဝေတို့အတွဲက ကြေးတံဆိပ် ၁ ခုကိုလည်းကောင်း၊ အမျိုးသား ဓါး ၁ လက် အပြပြိုင်ပွဲတွင် မောင်ကျော်သူစိုးက ကြေးတံဆိပ် ၁ ခုကိုလည်းကောင်း၊ အမျိုးသမီး တစ်ဦးနှင့် အမျိုးသားသုံးဦးလက်နက်ပါအပြပြိုင်ပွဲတွင် မမေဟန်နီအောင်လွင်၊ မောင်ဟိန်းထက်အောင်၊ မောင်ကျော်သူစိုးအောင်နှင့် မောင်တင်ထူးဇော် တို့အတွဲက ကြေးတံဆိပ် ၁ ခုကိုလည်းကောင်း၊ အမျိုးသားတစ်ဦးချင်း လက်သိုင်းအပြပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင်က ကြေးတံဆိပ် ၁ ခုကိုလည်းကောင်း၊ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဓါးမြှောင်ပါ ခုခံကာကွယ်နည်းအပြပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင် နှင့် မချစ်နိုဒီဆောင်းတို့အတွဲက ကြေးတံဆိပ် ၁ ခုကိုလည်းကောင်း၊ အမျိုးသမီးနှစ်ယောက်တွဲ ဓါးရှည် ၂ လက် အတိုက်အပြပြိုင်ပွဲတွင် မချစ်နိုဒီဆောင်းနှင့် မမေဟန်နီအောင်လွင်တို့အတွဲက ကြေးတံဆိပ် ၁ ခု တို့ကိုလည်းကောင်း အသီးသီးရရှိခဲ့ပြီး မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ် ၂ ခု၊ ငွေတံဆိပ် ၅ ခု၊ ကြေးတံဆိပ် ၇ ခု၊ စုစုပေါင်း ဆုတံဆိပ် ၁၄ ခုတို့ကို ဆွတ်ခူးရယူခဲ့သည်။

မြန်မာဗိုဗီနမ်အသင်းသည် ဘာလီမြို့မှရန်ကုန်မြို့သို့ နိုဝင်ဘာ ၉ ရက်နေ့ နံနက်ပိုင်းတွင် ပြန်လည် ရောက်ရှိလာရာ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာ သိပ္ပံ(ရန်ကုန်)မှ သင်တန်းသား/ သင်တန်းသူများက သောင်းသောင်းဖြဖြလာရောက်ကြိုဆိုခဲ့ကြောင်း သိရသည်။

ကျောဖုံးမှ အဆက် ▶

ကျောနံပတ် (၄) မျိုးခန့်ကျော်၊ ကျောနံပတ် (၅) အသင်းခေါင်းဆောင် အောင်သီဟ၊ ကျောနံပတ် (၇) အန့်ထူးပိုင်၊ ကျောနံပါတ် (၈) လင်းရောင်၊ ကျောနံပါတ် (၁၀)ညီညီသန့်၊ ကျောနံပါတ် (၁၃)မြတ်မင်းသူ၊ ကျောနံပါတ် (၁၅) ဝင်းဇော်၊ ကျောနံပါတ် (၁၆)ချန်းလန်းတိန့်၊ ကျောနံပါတ် (၁၈) ထက်ဝေယံ၊ ကျောနံပါတ် (၁၉) ရဲနိုင်အောင် အားကစားသမား (၁၁) ဦးတို့က အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ပြီး ဒုတိယပိုင်း (၄၅) မိနစ်တွင် ကျောနံပတ် (၁၉) ရဲနိုင်အောင်အစား ကျောနံပတ်(၉) ဒီဝေယံက လည်းကောင်း၊ ကျောနံပတ်(၁၆) ချန်လန်တိန့်အစား ကျောနံပတ် (၂) ပိုင်စိုးကျော်ကလည်းကောင်း၊ ကျောနံပတ် (၁၀) ညီညီသန့် အစား ကျောနံပတ် (၂၃)ကောင်းခန့်တို့က လည်းကောင်း လဲလှယ် ယှဉ်ပြိုင်ကစားခဲ့သည်။

မြန်မာအသင်းသည် (၄) ပွဲကစားရာတွင် (၃)ပွဲနိုင် (၁)ပွဲသရေရရှိခဲ့သည့်အတွက် ရမှတ် (၁၀) မှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်ပြီး အာရှဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူး၍ ဆော်ဒီအာရေဗျနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၂၀၂၆ ခုနှစ် U-17 အာရှဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ယခုခြေစစ်ပွဲသို့ အောင်မြင်ခဲ့သည့် အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာ U-17 အမျိုးသားဘောလုံးအသင်းကို ငွေကျပ်သိန်း(၁၀၀၀) ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အားကစားဆိုသည်မှာ အင်အားနှင့်ဉာဏ်ရည်ကို အသုံးချပြီး လှုပ်ရှားယှဉ်ပြိုင်မှုဖြစ်သည်**

**Sports is Games or Competitions Involving Physical and Mental Activity**

# 33rd SEA Games တွင် မြန်မာအားကစားအဖွဲ့များ အောင်နိုင်ရေးနှင့် မျှော်မှန်းဆုတံဆိပ်များရရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





နေပြည်တော်၊ နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် 33rd SEA Games တွင် မြန်မာနိုင်ငံအားကစားအဖွဲ့များ အောင်နိုင်ရေးနှင့် မျှော်မှန်းဆုတံဆိပ်များ ရရှိစေရေးတို့အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ ရုံးအမှတ် (၃၁) ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်မည့် 33rd SEA Games တွင် မြန်မာနိုင်ငံအားကစားအဖွဲ့များ အောင်နိုင်ရေး၊

စာမျက်နှာ ၁၂ သို့ ►

# (၁၆)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် မြန်မာအသင်းမှ ရွှေတံဆိပ်(၁)ခု၊ ငွေတံဆိပ်(၂)ခု၊ ကြေးတံဆိပ်(၂)ခု စုစုပေါင်း(၅)ခု ဆွတ်ခူးရရှိ





ရန်ကုန်၊ နိုဝင်ဘာ ၁၇ ရက်

ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်(WBPF)နှင့် Indonesia Body Building and Fitness Federation တို့ ပူးပေါင်း၍ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့မှ ၁၇ ရက်နေ့ အထိ အင်ဒိုနီးရှားနိုင်ငံ ဘန်တန်ကျွန်း၌ကျင်းပခဲ့သည့် (၁၆) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် မြန်မာအသင်းမှ အုပ်ချုပ်သူ/နည်းပြ ၃ ဦး၊ အားကစားသမား အမျိုးသား ၂ ဦးနှင့် အမျိုးသမီး ၂ ဦး စုစုပေါင်း ၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာအသင်းအနေဖြင့် အမျိုးသား ၇၅ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား ၈၀ ကီလိုတန်းပြိုင်ပွဲ၊ Women’s Model Physique up to 160 cm ပြိုင်ပွဲ၊ Women’s Swimsuit Model Physique up to 165 cm ပြိုင်ပွဲ၊ Women’s Model Physique up to 170 cm ပြိုင်ပွဲနှင့် Women’s Swimsuit Model Physique over 165 cm ပြိုင်ပွဲ အမျိုးအစားများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အမျိုးသား ၇၅ ကီလိုတန်းပြိုင်ပွဲတွင် ရဲထွန်းနောင်က (ပထမ)ရွှေတံဆိပ်ဆုကို လည်းကောင်း၊ အမျိုးသား ၈၀ ကီလိုတန်းပြိုင်ပွဲတွင် ချမ်းမြေ့ထွန်းက (ဒုတိယ) ငွေတံဆိပ်ဆုကို လည်းကောင်း၊ ဖူးဖူးသန့်က Women’s Swimsuit Model Physique over 165 cm ပြိုင်ပွဲတို့တွင် (ဒုတိယ) ငွေတံဆိပ်ဆုနှင့် Women’s Model Physique up to 170 cm ပြိုင်ပွဲတို့တွင် (တတိယ)ကြေးတံဆိပ်ဆုတို့ ကိုလည်းကောင်း၊ Women’s Model Physique up to 160 cm ပြိုင်ပွဲတွင် နီနီအောင်က (တတိယ) ကြေးတံဆိပ်ဆုကိုလည်းကောင်း ဆုများအသီးသီးကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

မြန်မာအသင်းမှ ရဲထွန်းနောင်သည် ယခင်နှစ်ကကျင်းပခဲ့သည့် (၁၅) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင်(ပထမ) ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့ပြီး ယခုနှစ်တွင်လည်း (ပထမ) ရွှေတံဆိပ်ဆုကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး နှစ်ထပ်ကွမ်းကမ္ဘာ့ချန်ပီယံအဖြစ် မြန်မာနိုင်ငံတော်၏ ဂုဏ်ကို မြှင့်တင်ပေးနိုင်သူ တစ်ဦးဖြစ်သည်။

အဆိုပါအောင်ပွဲရ မြန်မာကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကာယဗလနှင့်ကာယကြံ့ခိုင်မှု အဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား/သင်တန်းသူများ၊ မိဘပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

မျိုးချစ်စိတ်ဓာတ် ထက်သန်ရေး အားကစားကို အစဉ်အားပေး

## ၂၀၂၆ ခုနှစ် အာရှဖလား ခြေစစ်ပွဲ U-17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(ဆ) ပွဲစဉ်တွင် မြန်မာ U-17 အမျိုးသားဘောလုံးအသင်း (၃)ပွဲနိုင် (၁)ပွဲသရေ ကစားခဲ့သည့်အတွက် ရမှတ် (၁၀) မှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်

ရန်ကုန်၊ နိုဝင်ဘာ ၃၀ ရက်

၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ U-17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(ဆ)၏ ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဝေဇယန္တာလမ်းရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ကျင်းပခဲ့ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ပြည့်စုံလင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘောလုံးအားကစားဝါသနာရှင် ပရိသတ် အင်အား သုံးသောင်းကျော်ခန့် ကွင်းလုံးပြည့် တစ်ခဲနက် လာရောက် ကြည့်ရှုအားပေးခဲ့သည်။

ပြိုင်ပွဲတွင် မြန်မာ U-17 အမျိုးသားဘောလုံးအသင်းနှင့် ဆီးရီးယား U-17 အမျိုးသားဘောလုံးအသင်းတို့သည် ပထမပိုင်း ၄၅ မိနစ်တွင် ဂိုးရရှိရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြရာ ၉ မိနစ် ၅၂ စက္ကန့်တွင် မြန်မာ U-17 အမျိုးသား ဘောလုံးအသင်းမှ ညီညီသန့် ကျောနံပတ်(၁၀) က မြန်မာအသင်းအတွက် ပထမ အဖွင့်ဦးဆောင်ဂိုးကိုသွင်းယူခဲ့ပြီး ၁၄ မိနစ် ၄၂ စက္ကန့်တွင် ဆီးရီးယား U-17 အမျိုးသားဘောလုံးအသင်းမှ AHMAD ALFARAJ ကျောနံပတ်(၉) က ချေပဂိုးပြန်လည်သွင်းယူခဲ့ပြီးနောက် မြန်မာ U-17 အမျိုးသား ဘောလုံးအသင်းမှ လင်းရောင် ကျောနံပါတ် (၈) အစား ဝင်းမင်းသန့် ကျောနံပါတ် (၆) အား လူစား လဲလှယ်ကစားခဲ့ရာ၊ ၃၄ မိနစ် ၀၄ စက္ကန့်တွင် မြန်မာ U-17 အမျိုးသားဘောလုံးအသင်းမှ အနန့်ထူးပိုင် ကျောနံပတ်(၇) က ဒုတိယအနိုင်ဂိုးအား ထပ်မံသွင်းယူနိုင်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်း ၈၅မိနစ် ၄၀စက္ကန့်တွင် ဆီးရီးယား U-17 အမျိုးသားဘောလုံးအသင်းမှ ODEY ALFASHTAKI ကျောနံပါတ် (၁၆)က ချေပဂိုးအားထပ်မံသွင်းယူခဲ့သည်။ မြန်မာ U-17 အမျိုးသား ဘောလုံးအသင်းအနေဖြင့် ဂိုးထပ်မံရရှိရေးအတွက် အကြိတ်အနယ် တိုက်စစ်ဆင် ယှဉ်ပြိုင်ကစားခဲ့သော်လည်း ပြိုင်ပွဲပြီးဆုံးချိန်တွင် တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

အဆိုပါပွဲစဉ်တွင် ပထမပိုင်း၌ ကျောနံပတ် (၃) မြင့်မြတ်ကိုကို၊

စာမျက်နှာ ၁၆ သို့ ►

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ငလျင်ဘေးဒဏ်သင့် အပြာရောင်အဆင့် ပြန်လည်ပြုပြင်ပြီးသည့် ဝန်ထမ်းအိမ်ရာ အဆောက်အဦများတွင် ဝန်ထမ်းများ ပြန်လည်ပြောင်းရွှေ့ နေထိုင်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ နိုဝင်ဘာ ၂၃

ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့၌ လှုပ်ခတ်ခဲ့သည့် မန္တလေးပြင်းထန်ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာအဆောက်အဦများအနက် အပြာရောင်အဆင့်သတ်မှတ်၍ ပြန်လည်ပြုပြင်ပြီးသည့် ဝန်ထမ်းအိမ်ရာအဆောက်အဦးများတွင် ဝန်ထမ်းများ ပြန်လည်ပြောင်းရွှေ့ နေထိုင်မှုများအား လိုက်လံကြည့်ရှု စစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ပိတောက်အိမ်ရာ တိုက်အမှတ် ၈၂၁၊ ၈၂၂ နှင့် တိုက်အမှတ် ၇၄၇ တို့တွင်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ ဘူးကွဲအိမ်ရာရှိ တိုက်အမှတ် ၅၃၅၀ နှင့် ၅၃၅၁ တို့တွင်လည်းကောင်း ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ပြန်လည်ပြောင်းရွှေ့ နေထိုင်နေမှုများနှင့် ငလျင်ဘေးဒဏ်ကြောင့် ရေဆင်းမြောင်း ပြိုကျပျက်စီး၍ ပိတ်ဆို့နေမှုများ၊ မီးဖိုခန်းနှင့် ဘေစင်ရေပိုက်လိုင်းများ၊ ရေတိုင်ကီ ရေစိမ့်ထွက်နေမှုများ၊ အုတ်နံရံ ရေယိုစိမ့်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းအိမ်ရာများအား တာဝန်ယူ၍ ပြန်လည်တည်ဆောက်ပြုပြင်ပေးလျက်ရှိသည့် သက်ဆိုင်ရာ ကုမ္ပဏီမှ တာဝန်ရှိသူများကို လိုအပ်သည်များ အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ရေ၊ မီး၊ မိလ္လာသုံးစွဲမှုများ အဆင်ပြေစေရေး၊ မီးဘေးအန္တရာယ်မဖြစ်စေရေးနှင့် အသက်ဘေးအန္တရာယ် ကင်းရှင်းစေရေးတို့အတွက် သတိဝီရိယရှိရှိ နေထိုင်သွားကြရန်လိုကြောင်း၊ အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြသွားရန်နှင့် လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ပြီး အိမ်ရာတွင်နေထိုင်သည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များကလည်း မိမိတို့နေထိုင်သည့် တိုက်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် အဆောက်အဦများ ရေရှည်တည်တံ့စေရေးတို့အတွက် အချင်းချင်း မိသားစု စိတ်ဓာတ်ထားရှိပြီး စည်းစည်းလုံးလုံးဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားခဲ့ပြီးနောက် ဝန်ထမ်းများ၏ လိုအပ်ချက်များနှင့် တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

# ဒီဇင်ဘာလ လူထုလမ်းလျှောက်ပွဲမှာ တစ်ခဲနက်ပါဝင်ဆင်နွှဲကြပါစို့

ရဲလွင်အောင်(YU)

ဆောင်းရာသီရဲ့ အာနိသင်ကို ထင်ပေါ်စေသောလ၊ လမ်းလျှောက်ချင်စိတ်ကို လှုံ့ဆော်နေသောလ၊ ခရစ်နှစ်သက္ကရာဇ် ကူးပြောင်းမှုနဲ့အတူ ခရစ်စမတ် တေးသံသာလေးများ သာသာယာယာနဲ့ နားဆင်ခွင့်ကြုံကြိုက်သောကာလ၊ ကျော်ကြားသော တေးသီချင်းပေါင်းများစွာကို ဖန်တီးစပ်ဆိုစေနိုင်သောလ၊ နှစ်ဖြိုက်စွာအိပ်ပျော်မှုကို အားပေးသောလသည် ဒီဇင်ဘာလပဲဆိုတာ လူသားတိုင်းလက်ခံကြမယ်ထင်ပါတယ်။ အားကစားကိုချစ်မြတ်နိုးသော ဂီတအနုသုခမကို ချစ်မြတ်နိုးသူတိုင်းရဲ့ နှလုံးသားကို လွှမ်းမိုးပိုင်စိုးသောလဟူ၍ ကျွန်တော်ညွှန်းဆိုပါရစေ။

အားကစားပြိုင်ပွဲနဲ့ ပတ်သက်လို့လည်း အာဆီယံဒေသတွင်း အဆင့်အမြင့်ဆုံးသော အားကစားပြိုင်ပွဲကြီးကို ယခင် နှစ်ကြိမ်အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ဖူးရာမှ ရာစုနှစ်ဝက်ခန့်အကြာမှာ တတိယအကြိမ်အဖြစ် အမှတ်လွယ်အောင်၁၁-၁၂-၁၃(၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်) နေ့မှာ ၂၀၁၃ ခုနှစ် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို နိုင်ငံတကာအဆင့်မီ ဖွင့်ပွဲ၊ ပိတ်ပွဲကအစ ခမ်းခမ်းနားနား၊ ထည်ထည်ဝါဝါနဲ့ ကျင်းပနိုင်ခဲ့တဲ့လဖြစ်သလို နိုင်ငံတော်အဆင့် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများနှင့်အတူ "ပဥ္စမအကြိမ် အမျိုးသား အားကစားပွဲတော်" ကျင်းပရာလလည်း ဖြစ်နေခဲ့ပြန်ပါတယ်။

အခုလည်း အင်အား ၇၈၉ ဦးပါ မြန်မာအားကစားအဖွဲ့ ထိုင်းနိုင်ငံမှာ ကျင်းပမယ့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို သွားရောက်ယှဉ်ပြိုင်မှာကလည်း ဒီဇင်ဘာလပင်ဖြစ်နေပါတယ်။ တစ်ခြားတိုက်ဆိုင်သော အကြောင်းအရာများလည်းရှိနိုင်ပါတယ်။ ဌာနရဲ့ဝန်ထမ်းတစ်ဦးဖြစ်သော ကျွန်တော်လည်း ယခုကတည်းက ဒီဇင်ဘာအငွေ့အသက်များကို ကြိုတင်ခံစားလျက်ရှိနေပါပြီ။ အလယ်တန်းကျောင်းသား အရွယ်ကစပြီး အဆိုပါအချိန်က (၉) လပတ်ဟုခေါ်သော အစမ်းစာမေးပွဲဖြေဆိုအပြီး ကျောင်း (၁၀) ရက်ပိတ်ချိန် သူငယ်ချင်းများနဲ့ သာကေတ နေအိမ်ကနေ ကန်တော်ကြီးကို အနည်းဆုံးတစ်ပတ်၊ တစ်ခါတစ်လေ နှစ်ပတ်ပတ်ပြီးမှပြန်ခဲ့၊ လပြည့်/လကွယ်ရက်နဲ့တိုက်ဆိုင်ရင် ရွှေတိဂုံစေတီတော် တက်ရောက်ဖူးမြော်၊ စတုဒီသာကျွေးတာနဲ့ကြုံရင် ဝင်စား၊ တစ်ရက်မတော့ ဘုရားကအပြန် သူငယ်ချင်းအဖော်စပ်လို့ တိရစ္ဆာန်ရုံထဲရောက်သွား၊ တစ်နေကုန်နီးပါး အချိန်ဖြုန်းသလိုဖြစ်သွားလို့ အိမ်ရောက်တော့ တုတ်နဲ့အရိုက်ခံရတာကို အခုပြန်တွေးကြည့်တော့၊ မိဘတွေကတော့ စိတ်ပူနေမှာ ကျွန်တော်ကိုယ်တိုင် မိဘဖြစ်လာတော့မှ မိဘတွေကို ကိုယ်ချင်းစာမိ။ ဒီဇင်ဘာလူထုအားကစားလရဲ့နောက်ဆက်တွဲအဖြစ် နိုင်ငံတော်ရဲ့နေ့ထူးနေ့မြတ်ဖြစ်တဲ့ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများကိုလည်း တစ်နိုင်ငံလုံး ခြိမ့်ခြိမ့်သည်းသည်း ကျင်းပတာလည်း အစဉ်အလာမပျက်ခဲ့၊ ယနေ့တိုင်ပင် ဖြစ်ပါသည်။ အားကစားကွင်းများမှာ ကျင်းပရုံမက ရပ်ကွက်အတွင်း လမ်းများပါပိတ်ပြီး ဂိုးကျဉ်းကစားခဲ့တာ၊ ရပ်ကွက်အတွင်း ရပ်ကွက်ပတ်ပြေးပွဲ၊ အမဲဆီသုတ်လိမ်းထားတဲ့ အုန်းသီးကို ဝိုင်းလုကာ သတ်မှတ်ကျင်းထဲ သွင်းရတဲ့ပြိုင်ပွဲများကို ကိုယ်တိုင်ပါဝင်ဆင်နွှဲခဲ့ဖူးတာ အမှတ်ရမိ၊ မြန်မာ့ရိုးရာ အားကစားနည်းများဖြစ်ကြသော ထုပ်ဆီးတိုး၊ ငှက်ပျောပင်တက်ပြိုင်ပွဲ၊ ချောတိုင်တက်၊ မုန့်လုစားပြိုင်ပွဲကအစ လေးပေကိုးလက်မအောက် ဘောလုံးပြိုင်ပွဲတွေ ကျင်းပပေးခဲ့လို့ ကျွန်တော်တို့သူငယ်ချင်းတစ်တွေ အားကစားကို ချစ်မြတ်နိုးလျက် လက်ရွေးစင်အားကစားသမားတစ်ဦး မဖြစ်ခဲ့ပေမယ့် ပုံမှန်အားကစားလှုပ်ရှားမှုကြောင့် မိမိကျန်းမာရေးကို အထောက်အကူပြုတယ်ဆိုတာ သိနားလည်ခဲ့လို့ ယနေ့ အသက် ၆၀ ကျော်တိုင် ကျန်းမာစွာနဲ့ နိုင်ငံ့တာဝန်ထမ်းဆောင်နိုင်ခြင်းပါပဲ။

လူထုအားကစားအနေဖြင့် ကမ္ဘာတွင် ၁၉၅၅ ခုနှစ်ဝန်းကျင်က စတင်ပေါ်ပေါက်ခဲ့သည်ဟု သိရှိရပါသည်။ မြန်မာနိုင်ငံတွင်တော့ ၁၉၆၄ ခုနှစ်မှ ၁၉၇၄ ခုနှစ် ပတ်ဝန်းကျင်က လူထုအားကစား လှုပ်ရှားမှု အရှိန်အဟုန်ကောင်းခဲ့ဖူးပါသည်။ ၁၉၇၀ ပြည့်နှစ်ဝန်းကျင်သည် မြန်မာ့အားကစား ရွှေရောင်လွှမ်းခဲ့သော နှစ်များဖြစ်ခဲ့သည်။ အရှေ့တောင်အာရှတွင်သာမက အာရှအဆင့်ထိတိုင် ရွှေတံဆိပ်များ ဆွတ်ခူးခဲ့ကြသည်။ ထို့ကြောင့် လူထုအားကစားက မြန်မာ့အားကစားတိုးတက်မြင့်မားရေးအတွက် ပဓာနကျကြောင်း ပြည်သူအားလုံး သိထားသင့်ပါသည်။ မြန်မာ့အားကစားကမ္ဘာလွှမ်းစေရမည်ဆိုသော ဆောင်ပုဒ်တစ်ခုကို ပေါ်ပေါက်လာစေသလားဟု ယူဆမိသည်။

လူထုအားကစားရည်ရွယ်ချက်မှာ လမ်းလျှောက်ခြင်းကအစ အားကစားဆိုင်ရာ ဆောင်ရွက်မှုအဝဝတွင် လူများများပါဝင်လျက် ကျန်းမာကြံ့ခိုင်မှုမှသည် ကျန်းမာရေးအဆင့် မြင့်မားလာစေရေး၊ အားကစားကိုစိတ်ပါဝင်စားသူ၊ ထူးချွန်သူများပေါ်ထွက်လာကာ နိုင်ငံ့လက်ရွေးစင်များ ပေါ်ပေါက်လာစေရေး ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ ယနေ့ခေတ်ကာလ အနေအထားအရ နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှုသည် စီးပွားရေး၊ ပညာရေးအစရှိသဖြင့် နယ်ပယ်စုံတွင် တိုးတက်ဖွံ့ဖြိုးရန် လိုအပ်သည့်အပြင် အားကစားအောင်မြင်မှုဖြင့် နိုင်ငံ့ဂုဏ်ကို မြင့်တင်ပေးနိုင်ကြောင်း သဘောပေါက်လာကြပြီဖြစ်၍ အားကစားကဏ္ဍတိုးတက်ဖွံ့ဖြိုးစေရန် သိပ္ပံနည်းကျစွာ အကောင်အထည်ဖော်ဆောင်ရွက်နေကြပြီ ဖြစ်ပါသည်။

သို့ဖြစ်ရာ အမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီရဲ့ ဦးတည်ချက်(၄) ရပ်ထဲက တတိယအချက်ဖြစ်တဲ့ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြင့်တင်ရေး ဦးတည်ချက် အောင်မြင်ပေါက်မြောက်ဖို့အတွက် အားကစားကဏ္ဍကိုမဖြစ်မနေ တိုးတက်ဖွံ့ဖြိုး အောင်လုပ်ဖို့ နိုင်ငံသားအားလုံးရဲ့ အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်တယ်လို့ နိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနဲ့ အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၅ ခုနှစ် နိုဝင်ဘာလ(၁၉)ရက်နေ့က နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) မှာ ကျင်းပပြုလုပ်ခဲ့တဲ့ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ အားအောင်နိုင်ရေးအလံ အပ်နှင်းပွဲအခမ်းအနားတွင် ထည့်သွင်း လမ်းညွှန်မှာကြားခဲ့တာကို မှတ်သားမိပါတယ်။ ဒါ့အပြင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကလည်း နိုင်ငံတစ်ဝန်း ပြည်သူများအားကစားကို စိတ်ပါဝင်စားလာစေရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရေး ရည်ရွယ်ချက်များဖြင့် နှစ်စဉ်ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်ကာ လူထုလမ်းလျှောက်ပွဲများ ကျင်းပပေးခြင်း၊ ရပ်ကွက်/ကျေးရွာ၊ မြို့နယ်/ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်ပြိုင်ပွဲ အဆင့်ဆင့်မှသည် နိုင်ငံတော်အဆင့်၊ နိုင်ငံတကာ အဆင့်ထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သော အားကစားသမားများကို စနစ်တကျ စိစစ်ရွေးချယ်၍ လေ့ကျင့်ခြင်း၊ သင်တန်းများတက်ရောက်စေခြင်း၊ ပြိုင်ပွဲများယှဉ်ပြိုင်စေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း အဆိုပါအခမ်းအနားမှာ ထည့်သွင်း တင်ပြခဲ့တာကိုလည်း



အချပ်ပို (ခ) သို့ ►

အချုပ်ပို (က) မှအဆက် ►

တွေ့ရှိရပါတယ်။

လူထုအားကစားလှုပ်ရှားမှုများကို စာပေစွမ်းအားဖြင့်လည်း မြှင့်တင်နိုင်ရန် အားကစားနှင့်ကာယပညာဦးစီးဌာနက နှစ်စဉ်ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့်ဓာတ်ပုံပြိုင်ပွဲကို ကျင်းပလျက်ရှိရာ ယခုနှစ်အတွက်လည်း ကျင်းပရန်စီစဉ်ထားရှိ၍ ဤဆောင်းပါးဖြင့် စာပေကလောင်ရှင်၊ ဓာတ်ပုံပညာရှင်များကို ဖိတ်ခေါ်လိုက်ရပါတယ်။ ကျွန်တော့် အနေဖြင့် အခြားဌာနခွဲမှာ တာဝန်ထမ်းဆောင်ချိန်က ဝင်ပြိုင်ခဲ့ပြီး ဆောင်းပါး ပြိုင်ပွဲမှာ ဒုတိယဆု ရဖူးပါတယ်။ ယခင်နှစ်ပြိုင်ပွဲကစ၍ ကိုယ်တိုင် တာဝန်ယူကျင်းပတာဖြစ်လို့ ဝင်မပြိုင်ဖြစ်တော့ပါ။ ယမန်နှစ်ဆုပေးပွဲမှာ ဆုရသူများကို နောက်ထပ်ပြိုင်ပွဲဝင်တွေရှိရင် ဖိတ်ခေါ်ပေးပါလို့ တိုက်တွန်းခဲ့ပါတယ်။

ကျွန်တော်ကိုယ်တိုင်လည်း မိမိဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (**Corruption Prevention Unit – CPU**) အဖွဲ့ဝင်တစ်ဦးပီပီ မိမိတို့ဌာနက နှစ်စဉ်ကျင်းပတဲ့ ဒီဇင်ဘာလူထုအားကစားလအထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့်ဓာတ်ပုံပြိုင်ပွဲအတွက် ဆုရွေးချယ်ရာမှာ ဘက်လိုက်မှုရှိ/မရှိကို ဦးတည် သည့်သဘောထားပါသောမေးခွန်းကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (**ACC**)က စီစဉ်ပေးထားသော ပြည်သူ့ထံမှဝန်ဆောင်မှုသဘောထားအမြင် (**Public Feedback Program – PFP**) ဖြင့် မေးခွန်းမေးခဲ့ဖူးရာ အများစုကတော့ ဘက်လိုက်မှုကင်းတယ်ဆိုတဲ့ **Feed–back** ပေးသော်လည်း အမြင်မကြည်သူတချို့ ရှိသေးတယ်ဆိုတာလည်း သိလိုက်ရပါတယ်။ ပြိုင်ပွဲဝင်သူဦးရေ ပိုမိုတိုးပွားလာစေရေး ကျွန်တော်တို့ ဌာနခွဲက ဆက်လက်စည်းရုံးဆောင်ရွက်ရန်ကြိုးစားပါဦးမယ်။ လူထုအားကစား (**Mass Sports**) လှုပ်ရှားမှုအခြေခံမှ ထူးချွန်အားကစား (**Excellent Sports**) အဆင့်ထိ တက်လှမ်းကာ မြန်မာ့ဂုဏ်ဆောင် အားကစားသမားဖြစ်လာသူများ ရှိခဲ့ဖူးပါသည်။ ဥပမာအားဖြင့် လက်ရှိမြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများအသင်းဥက္ကဋ္ဌ၊ ဘောလုံးအားကစားဖြင့် အရှေ့တောင်အာရှနှင့် အာရှဘောလုံးပြိုင်ပွဲ ချန်ပီယံအကြိမ်များစွာ ဆွတ်ခူးခဲ့ဖူးသူ ဦးအေးမောင်ကြီးအပါအဝင် ဦးအေးမောင်လေး(ကွယ်လွန်)၊ ဦးလှဌေး (ကွယ်လွန်) တို့သည်လည်းကောင်း၊ ပြေးခုန်ပစ်အားကစားမှ ရှင်မွေ့ဂန်း၊ မြိုတုန်းနေ့ဝ်၊ စောဆာလောလ၊ ဂျင်မီခရင်တန်၊ ဂျနီဖာတင်လေး၊ ဒေါ်ခင်ဌေးတို့ ကဲ့သို့သော အားကစားသမားများစွာရှိခဲ့ပါသည်။ မြန်မာ့ဂုဏ် ဆောင်အားကစားသမားများသည် ဒီဇင်ဘာလူထုအားကစား လှုပ်ရှားမှုမှအစပြုကာ ပြိုင်ပွဲအဆင့်ဆင့်ဖြင့် မြန်မာ့လက်ရွေးစင်များ ဖြစ်လာကြလျက် အားကစားဖြင့် အမိနိုင်ငံတော်ရဲ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ကြတာလို့ အားကစားဆောင်းပါးရှင်တစ်ဦး ရေးသား ဖော်ပြထားတာကိုလည်း ဖတ်ရှုဖူးပါတယ်။

အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံ့ဂုဏ်၊ လူမျိုးဂုဏ်ဆောင်သော အားကစားသည် နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်ဖြင့် အမိ နိုင်ငံတော်ရဲ့ဂုဏ်ကို မြှင့်တက်စေနိုင်တဲ့အတွက် အားကစားမြတ်နိုးသူများ ပေါ်ထွက်ရာ အခြေခံရေသောက်မြစ်လို့ တင်စားရမည့် ဒီဇင်ဘာလူထုလမ်းလျှောက်ပွဲကြီးမှာ ကိုယ့်မိသားစုနဲ့အတူ ပါဝင်ဆင်နွှဲကြခြင်းသည် အမျိုးသားရေးတာဝန်တစ်ရပ်ဟူ၍ ခံယူကာတက်တက် ကြွကြွပျော်ပျော်ရွှင်ရွှင်ဖြင့် နိုင်ငံသူနိုင်ငံသားအားလုံး ပါဝင်ဆင်နွှဲကြပါစို့ဟု ဤဆောင်းပါးဖြင့် တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်..........





စာမျက်နှာ ၁၅ မှ အဆက် ►

အကောင်အထည်ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အလွန်ပင်အရေးကြီးကြောင်း၊ ကျောင်းသား/ကျောင်းသူ လူငယ်/လူရွယ် များအား ကဏ္ဍပေါင်းစုံတွင် တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးကြ ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့အနာဂတ်အား ပုခုံးပြောင်းတာဝန်ယူ ထမ်းဆောင်ကြမည့် လူငယ်/လူရွယ်များအနေဖြင့် စိတ်ဓာတ်ခွန်အားကောင်းသည့် လူငယ်များဖြစ်စေရန် စာအုပ်စာပေများကို လေ့လာဖတ်ရှု မှတ်သားရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ဗလငါးတန်နှင့် ပြည့်ဝပြီး အသိဉာဏ်ပညာပြည့်စုံသည့် ကျောင်းသား/ကျောင်းသူ နိုင်ငံ၏ အနာဂတ် အင်အားများပင်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်း စောင့်ရှောက်သွားရန်လိုကြောင်း၊ မိမိပတ်ဝန်းကျင်ကို အကျိုးပြုပြီးလူမှု အသိုက်အဝန်းတွင် အားကိုးအားထားပြုရသည့် ကျောင်းသား/ကျောင်းသူများဖြစ်အောင် ကြိုးစားသွားရန်လိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အ.ထ.က(မကျီးပင်) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းရဲရှန္တာစိုးနှင့် မကျီးပင်ကျေးရွာအုပ်စုရှိ ကျေးရွာအုပ်ချုပ်ရေးမှူးတို့အား အားကစားပစ္စည်းများနှင့် Outdoor Fitness များကို ပေးအပ်လှူဒါန်းခဲ့ပြီးနောက် အသိပညာပေးဟောပြောပို့ချပေးမည့် စာရေးဆရာမခင်လေး (ပြည်ထောင်စုနယ်မြေ)အား ဂုဏ်ပြု လက်ဆောင်များကို ပေးအပ်ခဲ့သည်။

ထို့နောက် စာရေးဆရာမ ခင်လေးက "လူငယ်နှင့်စိတ်ဓာတ်ခွန်အား" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ပြီးနောက် နေပြည်တော် လူငယ်ရေးရာတာဝန်ခံက ကျောင်းသား/ကျောင်းသူများကို ဉာဏ်စမ်းပဟေဠိ မေးခွန်းများမေးမြန်းခြင်းနှင့် ဖြေဆိုနိုင်သူများကို အမှတ်တရဆုလက်ဆောင်များပေးအပ်ခဲ့ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။